ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ အင်္ဂါနေ့၊ (17-8-2010) (၆၄၉၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၁၀ ခုနှစ် ဩဂုတ် ၁၇ ရက်တွင်ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလို ဘန်ဘန်း ယူဒိုယိုနို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ **အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၂၀၁၀) ညှိနှိုင်းအစည်းအဝေးတွင် မှာကြားလမ်းညွှန်စဉ်။** (သတင်းစဉ်)

အရှိန်အဟုန်ဖြင့် မြန်မြန်ထက်ထက် တိုးတက်ဖွံ့ဖြိုးရေး ကြိုးကြိုးစားစား အားထုတ်လုပ်ကိုင် မိမိတို့လက်ထက် ကြိုးပမ်းတည်ဆောက်သကဲ့သို့ နောင်လာနောက်သားများ လက်ထက်၌လည်း ယခုကဲ့သို့ စီမံကိန်းကြီးများကို ဆက်လက်စိစစ်ရွေးချယ်တည်ဆောက်သွားရမှာဖြစ် သို့မှသာ အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု၌ နောက်ကျခဲ့သော မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်နေသော အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်မှာဖြစ်

နေပြည်တော် ဩဂုတ် ၁၆

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၂၀၁၀) ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ လိုအပ်သည်များ မှာကြားလမ်းညွှန်သည်။

အဆိုပါ အစည်းအဝေးသို့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ အထူးစီမံကိန်းများ အကောင် အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ တွဲဖက်အတွင်း ရေးမှူး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ညှိနှိုင်းအစည်းအဝေးတွင် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မှာကြားလမ်းညွှန်ရာ၌ ယနေ့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေး သည် မိမိတို့နိုင်ငံ အရှိန်အဟုန်ဖြင့်တိုးတက်ရေးအတွက် ရည်မှန်းချက်ထားပြီး ကျင်းပသည့် အစည်း အဝေးဖြစ်ကြောင်း၊ ဤအဖွဲ့အစည်းအဝေးများက တိုင်းပြည်အတွက် အကျိုးရှိသောစီမံကိန်းကြီးများကို စိစစ်ခွင့်ပြုပေးလျက်ရှိသည်ကို အားလုံးသိကြပြီး ဖြစ်ကြောင်း။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror

၁၇-၈-၂၀၁၀
(အင်္ဂါနေ့)

စာတတ်မြောက်သူတိုင်း စာဖတ်ရှိန်မြှင့်တင်

စာပေသည် အသိပညာအလိမ္မာကို ပေးစွမ်းနိုင်သဖြင့် စာပေသင်ယူခြင်း၊ စာပေဗဟုသုတလေ့လာ ဆည်းပူးခြင်းတို့ကို အစဉ်တစိုက် ကျင့်သုံးနေကြသည်။ နိုင်ငံတော်အစိုးရက အချိန်အခါ အသက်အရွယ်နှင့် ပညာအဆင့်အတန်းမရွေး စာပေလေ့လာသင်ယူနိုင်ရေး နည်းလမ်းအသွယ်သွယ်ဖြင့် ဖန်တီးပေးနေသည်။

ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေးနှင့် ကိုယ်တိုင်သင်ယူပညာရေးနည်းလမ်းများ ဖော်ဆောင်ပေးနေပြီ။ လူငယ်လူရွယ်များ ခေတ်မီဆက်သွယ်ရေးနည်းပညာသစ်များဖြင့် နိုင်ငံတကာအဆင့်မီ ပညာရပ်များကို လွယ်ကူစွာ သင်ယူနိုင်နေကြပြီ။ ကျောင်းနေအရွယ်လွန်ကလေးများ၊ လူငယ်များနှင့် သက်ကြီးများအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဖော်ဆောင်ပေးလျက်ရှိရာ သက်ကြီးစာတတ်မြောက်မှုနှုန်း တိုးတက်လာနေပြီဖြစ်သည်။

ယင်းသို့ ကြိုးပမ်းအားထုတ်မှုများနှင့်အတူ စာတတ်မြောက်သူများပြားလာနေပြီ။ စာတတ်မြောက်သူတိုင်း စာပေမပြတ်ဖတ်ရှုနိုင်စေရေး၊ စာဖတ်သည့်အလေ့အထ ပိုမိုရရှိလာစေရေးအတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထူထောင်ဖွင့်လှစ်ပေးနေသည်။ ကျေးရွာပေါင်း ငါးသောင်းကျော်တွင် စာကြည့်တိုက်များ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်နိုင်ခြင်းကြောင့် စာတတ်မြောက်ပြီးသူများ စာဖတ်သည့်အလေ့အကျင့် ပိုမိုရရှိလာကြသည်။ စာပေဖတ်ရှုသူ များပြားလာပြီး စာပေဗဟုသုတ တိုးတက်မြင့်မားမှုကို အကျိုးပြုနေပေပြီ။ စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်သကဲ့သို့ စာအုပ်စာစောင်အသစ်များ တိုးပွားလာရေး၊ အဆောက်အအုံပရိဘောဂများ စုံလင်စွာထားရှိနိုင်ရေးစသည့် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးတို့ကိုလည်း ဆက်လက်ကြိုးပမ်းကြရပေမည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲများကို ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့၌ ဩဂုတ် ၁၄ရက်က ကျင်းပခဲ့သည်။ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောကြပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များစွာကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ စေတနာရှင်ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ကြိုးပမ်းမှုဖြင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တိုးပွားဖြစ်တည်နေပြီ။ စာတတ်မြောက်လာသူတိုင်း လက်လှမ်းတမီ စာပေဖတ်ရှုလေ့လာနိုင်ကြပြီ။ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဝိုင်းဝန်းပံ့ပိုး ကြိုးပမ်းကြခြင်းဖြင့် ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ ပိုမိုတိုးပွားလာမည်ဖြစ်ပါသည်။ ။

ကျောင်းသုံးပရိဘောဂများ လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၆

အင်းစိန် တောင်သူကုန်းရပ်ကွက် အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်းအတွက် စာသင်ခုံ၊ ထိုင်ခုံများနှင့် ဆရာ စားပွဲ၊ကုလားထိုင် စုစုပေါင်းတန်ဖိုး ၁၁သိန်းကျော်ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၉ရက်က အဆိုပါကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအကျိုးဆောင်အဖွဲ့ နာယက ဦးစိုးဝင်း(သတင်းထောက်စဉ့်ကူစိုးဝင်း) က အဖွင့်အမှာစကား ပြောကြားပြီး အလှူရှင် ကျောင်းအကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးစောဩဂုတ်စတင်းနှင့် ဇနီး ဒေါ်ဂျိုက်စီလှစိန်နှင့် ကျောင်းသားဟောင်း သုံးဦးက ဒုတိယအကြိမ် ငွေကျပ် ၃၆၀၀၀၀တန်ဖိုးရှိ စာသင်ခုံ ၁၀စုံ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး မြို့နယ် ပညာရေးမှူး ဆရာကြီး ဦးမျိုးဆွေနှင့်ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ခင်နီတို့က ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ထို့နောက် အလှူရှင် ဦးစောဩဂုတ်စတင်းမိသားစုက စာသင်ခုံ ၁၀ စုံ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့မှ စာသင်ခုံ ၁၀စုံ၊ မိဘများမှ စာသင်ခုံ ခြောက်စုံနှင့်ဆရာစားပွဲ၊ ကုလားထိုင်ငါးစုံတို့ကို မြို့နယ်ပညာရေးမှူး ဦးမျိုးဆွေထံသို့ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

(၆၁)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှု ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်

နေပြည်တော် ဩဂုတ် ၁၆

ပဲခူးတိုင်း အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်အမှာစကားပြောကြားပြီး ပဲခူးတိုင်း ကျန်းမာရေးဦးစီးဌာနမှူးက ပဲခူးတိုင်းအတွင်း အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အလိုက် လှုပ်ရှားဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အာဟာရပြည့်အစားအစာအချက်အပြုတ်ပြိုင်ပွဲတွင် ဆုရရှိသောအသင်းများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အသက်(၅)နှစ်အောက်ကလေးများအားဗီတာမင်ဆေးလုံးနှင့် သန်ချဆေးများ တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ဗီတာမင်ဆေးပြားများနှင့် သံဓာတ်ဆေးပြားများ ဖြန့်ဝေပေးခြင်းနှင့် အိုင်အိုဒင်းဆားများ အရည်အသွေး စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ကြကာ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့မှတစ်ဆင့် တိုင်းမှူးသည် မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ပဲခူးတိုင်း(အရှေ့ပိုင်း) တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူက တိုင်းအတွင်း လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ပြီး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး မြောက်ဥက္ကလာပမြို့နယ်ရှိ ဆေးဝါးတက္ကသိုလ် (ရန်ကုန်) အစည်းအဝေးခန်းမ၌ ဆေးဝါးတက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများအား အမှာစကားပြောကြားစဉ်။ (ကျန်းမာရေး)

ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ဆရာ၊ ဆရာမများအား ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တွေ့ဆုံမှာကြား

ရန်ကုန် ဩဂုတ် ၁၆

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဩဂုတ် ၁၄ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ ဆေးဝါးတက္ကသိုလ် (ရန်ကုန်) အစည်းအဝေးခန်းမ၌ ဆေးဝါးတက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ဆေးဝါးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်က သင်ကြားလျက်ရှိသော သင်တန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဒုတိယဝန်ကြီးက လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆေးဝါးကျွမ်းကျင်မှုပညာသည် ကုသရေးလုပ်ငန်းများတွင်သာမက ဆေးဝါးထုတ်လုပ်၊ ဖြန့်ဖြူးမှု လုပ်ငန်းများတွင်လည်း အရေးပါသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း၊ ကျွမ်းကျင်သူပညာရှင်အနေဖြင့် သုတေသနလုပ်ငန်းများကို အစဉ်တစိုက် လုပ်ဆောင်ကြရန် လိုကြောင်းဖြင့် အကျယ်တဝင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၆

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ စုပေါင်းဆောင်ရွက်ခြင်းကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ် ယာဉ်ပျံ့ရပ်ကွက်၌ ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန် တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ ရပ်ကွက်အတွင်း ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေတွင်းရေကန်များ၌ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

မှာကြားဖြည့်ဆည်း

ထို့မှတစ်ဆင့် မန္တလေးတောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက မန္တလေးတောင်နှင့်အနီးတစ်ဝိုက်၌ အရိပ်ရပင်များ စိုက်ပျိုးထားရှိမှု၊ ရှင်သန်ဖြစ်ထွန်းမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး မြို့တော်ဝန်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမှတ်(၁) ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံသို့ ရောက်ရှိပြီး ခြံတာဝန်ခံများက သရက်ပင်များစိုက်ပျိုးထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြကာ မြို့တော်ဝန်က ပျိုးခြံများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးသတ်ဦးစီးဌာန လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဩဂုတ် ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ ၂၀၁၀ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၄ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးတင်မိုးက အမှာစကားပြောကြားပြီး ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ကွပ်ကဲရေးမှူးများ၊ ပြည်နယ်/တိုင်း မီးသတ်ဦးစီးဌာနမှူးများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းစဉ်များချမှတ်ကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၀)ရပ်ကွက် ဗိုလ်ဇင်ယော်လမ်းနေ ဦးစံသာကျော်-ဒေါ်စောကြည် မိသားစုက ဦးစံသာကျော် (တရားရုံးချုပ် ရှေ့နေ) မွေးနေ့ အထိမ်းအမှတ်အဖြစ် ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်/လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ

တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း တက်ရောက်

နေပြည်တော် ဩဂုတ် ၁၆

မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားတက္ကသိုလ် အစည်းအဝေးခန်းမ၌ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူတို့က မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးဆိုင်ရာများကို အသိပညာပေးရှင်းလင်းကြပြီး တိုင်းမှူးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်ဒိုနီးရှားလွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၁၀ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှား သမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာအာအမ်မာတီအမ်နာတာလဂါဝါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးတင်မိုးထံ ဂျပန်နိုင်ငံမှ မီးသတ်ယာဉ်ရှစ်စီး လှူဒါန်းသည့် စာရွက်စာတမ်းများကို ဂျပန်နိုင်ငံ OKAZAKI မြို့နေ ကျောင်းအုပ်ကြီး Mr. Matsui Yukihiko ပေးအပ်စဉ်။ (သတင်းစဉ်)

စိတ်ရွှင်လန်းကျန်းမာစေဖို့ သဘာဝသီးနှံစားသုံးကြစို့

SUMMIT-A သည် သဘာဝသီးနှံကို အခြေခံထုတ်လုပ်ထားခြင်းဖြစ်

ရန်ကုန် ဩဂုတ် ၁၆

သဘာဝပေါက်ပင်တို့သည် လူသားများ ရှင်သန်ကျန်းမာရေးအတွက် အကောင်းဆုံးသော အစာလည်းဆေး၊ ဆေးလည်းအစာ (let food be your medicine and medicine be your food) အဖြစ်ခံယူကာ ရှမ်းမောမြေကုမ္ပဏီလီမိတက်သည် နိုနီခေါ် ရဲယိုကို အခြေခံထုတ်လုပ်ထားသော SUMMIT-A ကို အလွယ်တကူ ထားသိုသယ်ယူ စားသုံးနိုင်အောင် ခေတ်မီနည်းပညာများ အသုံးပြုထုတ်လုပ် ဖြန့်ချိလျက်ရှိသည်။ **(အောက်ယာပုံ)**

နိုနီခေါ်ရဲယိုသည် ရှေးနှစ်ပေါင်း ၄၀၀၀ ကျော်မှစ၍ ၎င်း၏ အာနိသင်ကို လူသားတို့သိရှိကာ ကျန်းမာရှင်သန်ရေးအတွက် ဆေးဝါးအဖြစ် သုံးစွဲခဲ့ကြကြောင်း၊ ရဲယိုသည် စိတ်မငြိမ်သူများ၊ ကင်ဆာရောဂါများ၊ စိတ်ကျရောဂါရှိသူများ၊ ဆေးလိပ်ဖြတ်လိုသူများ၊ အရက်ဖြတ်လိုသူများ၊ ထိပ်ကပ်နာ-ရင်ကျပ်ပန်းနာရှိသူများ၊ အဆုတ်ရောင်သူများ၊ အစာအိမ်အနာရှိသူများ၊ ဆီးချိုရောဂါရှိသူများ၊ ရေယုန်ရောဂါရှိသူများ၊ မှိုနှင့်တဆေးတို့ကြောင့်ဖြစ်ပွားသော ရောဂါရှိသူများ၊ သွေးတိုးရောဂါရှိသူများ၊ ခုခံအား ကျဆင်းသူများ၊ HIV ရောဂါပိုးရှိသူများ၊အပျိုဖော်ဝင်စတွင် ဖြစ်တတ်သည့်ရောဂါနှင့် သွေးဆုံးချိန်တွင် ဖြစ်တတ်သည့်ရောဂါများ၊ နှလုံးရောဂါရှိသူများ၊ ကိုယ်ခန္ဓာ ကိုက်ခဲနာကျင်နေသူများ၊ ဦးခေါင်းအရေပြားတွင် ဗောက်ရှိသူ၊ ခေါင်းယားသူများ သောက်သုံးပါက အထူးသင့်လျော်ပြီး ကျန်းမာကြံ့ခိုင်သည့်သူများ ဖြစ်လာနိုင်ကြောင်း ဆေးဝါးကျွမ်းကျင်သူများနှင့် ဆရာဝန်များ၊ တိုင်းရင်းသမားတော်များက အခိုင်အမာ ဆိုကြသည်။

ထုတ်လုပ်ဖြန့်ချိ

ရှမ်းမောမြေကုမ္ပဏီလီမိတက်သည် ရဲယိုပင်များကို အော်ဂဲနစ် (Organic) နည်းပညာဖြင့် စိုက်ပျိုးကာ ထွက်ရှိလာသည့် ရဲယိုသီးများကို သဘာဝအားဖြည့်ဓာတ်စာ (Natural Food Supplement Tonic)၊ သဘာဝအားဖြည့် အချိုရည် (Noni Hone Juice) နှင့် ရဲယိုဓာတ်စာတောင့် (Noni Nutrients) များကို SUMMIT - A အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ဖြန့်ချိလျက်ရှိကြောင်း သိရသည်။

SUMMIT -A အစွမ်းဖြင့် ကျန်းမာရွှင်လန်းလိုသူများ၊ တစ်ဆင့်ပြန်လည်ဖြန့်ဖြူးလိုသူများသည် ရှမ်းမောမြေကုမ္ပဏီလီမိတက် အမှတ်(၃၆၅-၃၆၇)၊ IHBC အဆောက်အအုံ ဗိုလ်အောင်ကျော်လမ်း (အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၂၉၂၀၊ ၃၉၂၉၂၁၊ Ex ၂၀၆၊ ၃၀၆ နှင့် အမြို့မြို့ရှိ ရှမ်းမောမြေကုမ္ပဏီ ရုံးခွဲများ၊ ကိုယ်စားလှယ်တော်ကြီးများထံတွင် ဆက်သွယ်ဝယ်ယူ ရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မီးသတ်ဦးစီးဌာနသို့ ဂျပန်နိုင်ငံမှ မီးသတ်ယာဉ်ရှစ်စီး ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသို့ ဂျပန်နိုင်ငံမှ မီးသတ်ယာဉ်ရှစ်စီးပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန (ရုံးချုပ်)၌ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီးတင်မိုး၊ ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးဦးသိန်းဦး၊ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မှ အရာရှိကြီးများ၊မီးသတ်ဦးစီးဌာန(နေပြည်တော်)၊ အထက်မြန်မာပြည် ကွပ်ကဲမှုရုံးနှင့် အောက်မြန်မာပြည် ကွပ်ကဲမှုရုံးတို့မှ ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလှမြင့်၏ ဆောင်ရွက်မှုဖြင့် ဂျပန်နိုင်ငံ OKAZAKI မြို့နေ ကျောင်းအုပ်ကြီး Mr. Matsui Yukihiko က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မီးသတ်ယာဉ်ရှစ်စီးကို ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့လှူဒါန်းသော မီးသတ်ယာဉ်ရှစ်စီး၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ဖြစ်ပြီး သယ်ယူပို့ဆောင်ရေးစရိတ်ကို ဦးယဉ်ထွေးသက် (Reliance Fire System Co., Ltd.) နှင့် ဦးစိုးဝင်းထွန်း (West Corporation Co., Ltd.) တို့က ကျခံလှူဒါန်းခဲ့ကြပြီး ဂျပန်နိုင်ငံ OKAZAKI မြို့နေ ကျောင်းအုပ်ကြီး Mr. Matsui Yukihiko သည် ပြည်ထောင်စုမြန်မာနိုင်ငံသို့ မီးသတ်ယာဉ်များ ထပ်မံလှူဒါန်းရန် စီစဉ်ထားကြောင်း သိရသည်။ (သတင်းစဉ်)

လက်တွေ့အသုံးချ JAVA Programming သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၆

ကွန်ပျူတာနည်းပညာကို လေ့လာလိုသူများနှင့် ပြည်တွင်းပြည်ပတွင် အောင်မြင်သော Programmer တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် အထူးအကျိုးရှိစေမည့် " Software Solution with JAVA " သင်တန်းကို Gusto ကွန်ပျူတာ နည်းပညာ သင်တန်းကျောင်းက ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်သည်။

အထူးအကျိုးရှိ

JAVA Programming Language သည် Software Industry ၌ အသုံးများရုံသာမက နိုင်ငံတကာရှိ တက္ကသိုလ်ကြီးများတွင်လည်း အဓိကဘာသာရပ် တစ်ခုအဖြစ် သင်ကြားပေးလျက်ရှိသည်။ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများနှင့် ကွန်ပျူတာနည်းပညာကို လေ့လာနေသူများ၊ နိုင်ငံခြားသွားကျောင်းတက်ရန် ရည်ရွယ်နေသူများအတွက် အထူးအကျိုးရှိစေမည့် သင်တန်းဖြစ်သည်။

၎င်းသင်တန်း၏ ရည်ရွယ်ချက်မှာ Programming နည်းစနစ်များကို သိရှိနားလည်ရုံသာမက လက်တွေ့လုပ်ငန်းခွင်တွင် အမှန်တကယ်ရှိနေသော ပြဿနာများကို အဖြေတစ်ခု(Solution)ထွက်လာအောင် စဉ်းစားတွေးခေါ်စေ၍ မိမိတတ်သိထားသော နည်းပညာများကို အံဝင်ခွင်ကျ အသုံးချနိုင်စေရန်ဖြစ်သည်။

ယင်းသင်တန်းတွင် JAVA ၏ အဓိကကျသော Core Programming Techniques များသာမက JAVA ၏ Advanced Language Features များဖြစ်သော Generic, Annotations, Threading, Collection အစရှိသည်တို့ကို လေ့လာရမည်ဖြစ်သည်။ ထို့အပြင် သင်တန်းသားများ၏ Program Solving Skills, Creative Thinking Skills များ တိုးတက်လာစေရန်အတွက် လေ့ကျင့်ပေးမှုများလည်း ပါဝင်မည်ဖြစ်သည်။ အကျိုးဆက်အားဖြင့် နောင်အသစ်အသစ် ထွက်ပေါ်လာသော Programming Language များ၊ နည်းပညာအသစ်များကို မိမိကိုယ်တိုင် Self-Study လုပ်နိုင်သွားပြီး အလွယ်တကူ ဆက်လက်လေ့လာနိုင်မည် ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

အဆိုပါသင်တန်းများကို Programming အခြေခံရှိသူ မည်သူမဆို တက်ရောက်နိုင်ပြီး Programming အခြေခံမရှိသေးသူများသည် Programming Fundamental သင်တန်းမှတစ်ဆင့် တက်ရောက်နိုင်ကြောင်း၊ သင်တန်းကို ဩဂုတ် ၂၇ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင်နှစ်ရက် တက်ရောက်သင်ကြားရမည်ဖြစ်ကြောင်း၊ သင်တန်းသားဦးရေ ၁၅ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် ဩဂုတ် ၂၂ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း၊ စိတ်ပါဝင်စားသူများသည် Gusto ကွန်ပျူတာနည်းပညာ သင်တန်းကျောင်း အမှတ်(၂၆)၊ (၁၄)လမ်း (အောက်ဘလောက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၂၄၄၉၆ နှင့် ၀၉-၈၆၂၈၈၀၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၈-၂၀၁၀ (အင်္ဂါနေ့)

[၁၃၇၂ခုနှစ်၊ ဝါခေါင်လဆန်း(၇)ရက် (အဖိတ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ "စစ်ကိုင်းတောင်ရိုးမညိုးသည့်သာသနာ" (အပိုင်း-၁)
- ၇း၅၅ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ ၇။ ရာဇဝင်တံတား(အမှတ်-၁)
- ၈း၁၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈း၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၃၀ ၁၀။ "လူကူးမျဉ်းကျားမှကူးမယ်"
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ အကပြိုင်ပွဲ
- ၄း၁၀ ၃။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၄း၂၀ ၄။ ရန်ကုန်တိုင်း၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ပဉ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) အထက(၄) (မင်္ဂလာတောင်ညွန့်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၅ ၇။ တေးဂီတအစီအစဉ်
- ၅း၂၀ ၈။ "ကဏ္ဍစုံလင်အားကစား အစီအစဉ်"
- ၅း၄၅ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၃၅ ၁၃။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ. . . ကိုယ့်ချစ်သူ" (အပိုင်း-၉)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ရွှေမြရံခြယ် (စိုးစန္ဒာထွန်းနှင့်အဖွဲ့၊ တေးရေး-မောင်မောင်အေး-အလင်္ကာဝတ်ရည်)
- ၁၉။ "ရယ်စရာဟာသများ"
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ)(အပိုင်း-၁၉)**
- ၂၁။ **"ရုပ်ရှင်ပဟေဠိ"**
- ၂၂။ အစီအစဉ်ပြီး၏။

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၆

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၃၀)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swe Sone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ကိုရီးယားမင်းသား၊ မင်းသမီးနှင့် အဆိုတော်များကို ဖိတ်ခေါ်၍ တော်ဝင်စင်တာဖွင့်လှစ်မည်၊ ကြည့်မြင်တိုင်တစ်ဖက်ကမ်းတွင် ခေတ်မီသင်္ဘောကျင်းကြီး တည်ဆောက်ပြီးစီး၊ ကျပ်၁၀ သိန်းဖြင့် ဂဏန်းခုနစ်လုံးပါကြိုးဖုန်းများ လျှောက်ထားနိုင်ပြီ၊ ရွှေတိဂုံစေတီတော်ကြီး၏ သိင်္ဂုတ္တရဥယျာဉ်တော်ကို နှစ် ၂၀ ကျော်အတွင်း ပထမဆုံးအကြီးစားပြင်ဆင်၊ ကြိုးမဲ့အင်တာနက် ဆက်သွယ်မှုဖုန်များ တိုးချဲ့သတ်မှတ်၊ လှိုင်အားကစားကွင်းသည် ရန်ကုန်မြို့၏ ကျက်သရေဆောင်အားကစားကွင်းဖြစ်လာမည်၊ မြွေဆိပ်ဖြေဆေးထုတ်ရန် မြွေပွေးနှင့် မြွေဟောက်အကောင်တစ်ထောင်ဝယ်ယူမည်၊ မျက်နှာပြင်နှစ်ဖက်စလုံးကို တို့ထိအသုံးပြုနိုင်မည့် ကမ္ဘာ့ပထမဆုံး Note Book မြန်မာပြည်ဈေးကွက်သို့ရောက်မည်၊ အွန်လိုင်းမှ အဝေးပြေးလက်မှတ်ဝယ်ယူနိုင်သည့် ဝက်ဘ်ဆိုက်စတင်လွှင့်တင်၊ ဟိုတယ်ဇုန် တစ်ခုချင်းအလိုက် ဒေသဆိုင်ရာပွဲတော်များ ကျင်းပမည်၊ ရန်ကုန်မြို့တွင် အကြီးဆုံး LED တီဗွီကြီး ပန်းဆိုးတန်းခုံးကျော်တံတားပေါ်၌ တပ်ဆင်၊ ကမ္ဘာ့အစားအစာပွဲတော်တွင် မြန်မာ့အစားအစာများ အရောင်းရဆုံးစာရင်းဝင်၊ ဘူတန်နိုင်ငံက မြန်မာအထူးကုဆရာဝန်များအား ကမ်းလှမ်း၊ Waka Waka သီချင်း ပြဿနာ ညှိနှိုင်းပြေလည်သွားပြီ၊ ရေအောက်မှ ကမ္ဘာ့အကြီးဆုံး ဓမ္မစေတီခေါင်းလောင်းကြီးကို မြန်မာ့နည်းပညာဖြင့် နှစ်ပတ်အတွင်း ဆယ်ယူနိုင်မည်ဟုဆို၊ အဆိုတော် ဖြိုးကျော်ကျော်မြတ်နှင့် မျိုးစန္ဒီကျော်တို့ မကြာမီလက်ထပ်တော့မည်၊ သီရိလင်္ကာရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓပြတိုက်၌ ရွှေတိဂုံစေတီတော် ပြခန်းထားခွင့်ရ၊ ဟိုချီမင်း၏ ဘူမိနက်သန် ဗီယက်နမ်၊ အဆုတ်ထဲ၌ မြေပဲပင်ပေါက်လာ၊ သန္တာကျောက်တန်းများ များပြားလာစေရန် သံချပ်ကာကားများကို ရေထဲသို့ပစ်ချ၊ ဂိုမ်းစ်ဘွန်းရုပ်ရှင်မှ လက်နက်မျိုးတီထွင်သူ ထောင် ၂၃ နှစ်ကျ၊ H1N1 တုပ်ကွေးရောဂါသည် ကပ်ရောဂါအဖြစ်မှ အဆုံးသတ်သွားပြီဖြစ်၊ ဆံပင်များကို စားလေ့ရှိသည့် မိန်းကလေး၏ဗိုက်ထဲမှ နှစ်ပေါင်ကျော် ဆံခြည်ထွေးအလုံးကြီးကို ထုတ်ယူခဲ့ရ၊ အမျိုးသားတစ်ဦး၏ ဘောလုံးအရွယ် ရင်သားများကို ခွဲစိတ်ဖယ်ရှားလိုက်ပြီ၊ ပိုးသတ်ဆေးများ မတိုးသည့် ပိုးတစ်မျိုး လျင်မြန်စွာ ပျံ့နှံ့နေ၊ သိမ်းမြစ်အောက်ခြေ၌ ပန်းကန်ပြားပျံတွေ့ဟုဆို၊ ရုရှားတောမီးက နျူကလီးယား စက်ရုံရှိရာမြို့သို့ရောက်ရန် တစ်မိုင်သာလိုတော့၊ ကမ္ဘာ့အနံ့ကောင်းကင်၌ ဥက္ကာမှုန်များ အစုလိုက်အပြုံလိုက်ရွာကျခဲ့၊ ပိုးသားဖြင့်ပြုလုပ်ထားသည့် ကိုယ်ပျောက်ဝတ်ရုံ တီထွင်. . . စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရုရှားတောမီးကပ်ဘေး ကမ္ဘာကြီးပူနွေးလာမှု၏ လက္ခဏာဖြစ်

မော်စကို ဩဂုတ် ၁၆

ရုရှားနိုင်ငံ၌ ဖြစ်ပွားခဲ့သော အပူလှိုင်းကျရောက်မှု၊ မိုးခေါင်မှုနှင့် တောမီးလောင်ကျွမ်းမှုများကြောင့် လူဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ရပြီး ဂျုံခင်းဧက သန်းပေါင်းများစွာ ပျက်စီးခဲ့ရသည်။

ယင်းကဲ့သို့သော သဘာဝဘေးဥပဒ်များသည် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာတစ်ဝန်း ရာသီဥတုအစွန်းရောက်ဖြစ်စဉ်များ ဖြစ်ပေါ်နေသည်ကို ညွှန်ပြနေကြောင်း ရုရှားတာဝန်ရှိသူတစ်ဦးက ဩဂုတ် ၁၅ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၏ စံချိန်တင်လောက်အောင် ဆိုးရွားသောရေလွှမ်းမိုးမှု၊ လူ ၁၅၀၀၀ သေဆုံးခဲ့ရသည့် ၂၀၀၃ ခုနှစ်အတွင်း ပြင်သစ်နိုင်ငံ၌ အပူလှိုင်းကျရောက်မှုစသော သဘာဝဘေးဥပဒ်များသည် ကမ္ဘာ့အပူချိန်မြင့်တက်လာမှုနှင့် ဆက်နွှယ်နေဖွယ်ရှိကြောင်း ရုရှားအစိုးရ၏ မိုးလေဝသဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ကပြောကြားသည်။

ရုရှားမီးသတ်တပ်ဖွဲ့ဝင်များသည် နိုင်ငံတစ်ဝန်း ဖြစ်ပွားနေသော တောမီးလောင်ကျွမ်းမှုများအနက် တစ်ချို့တစ်ဝက်ကို ထိန်းသိမ်းနိုင်ခဲ့ပြီဖြစ်သည်။ သို့ရာတွင် လေအေးစီးကြောင်းများသည် အနောက်မြောက်အရပ်မှ တဖြည်းဖြည်း ရွေ့လျားလာခြင်းကြောင့် မော်စကိုမြို့သည် မိုးသည်းထန်စွာရွာသွန်းမှုများ၊ အပူချိန်ကျဆင်းမှုများနှင့် ကြုံရဖွယ်ရှိကြောင်း မိုးလေဝသပညာရှင်များက သတိပေးထားသည်။ ***အင်တာနက်။***

ရုရှားနိုင်ငံ၌ တောမီးလောင်ကျွမ်းလျက်ရှိရာ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး မီးငြိမ်းသတ်နေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာ သတင်းများ

အီရတ်နှင့်အာဖဂန်သတင်းများ

ကန်တပ်ဖွဲ့များ ကင်းလှည့်ခိုက် တိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဩဂုတ် ၁၆

အီရတ်နိုင်ငံအရှေ့ပိုင်းရှိ ဒီယာလာပြည်နယ်၌ အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ် တိုက်ခိုက်ခံရရာ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က တနင်္လာနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့အရှေ့မြောက်ဘက်မှ ၆၅ ကီလိုမီတာကွာဝေးသော ပြည်နယ်မြို့တော် ဘာကူဘာတွင် တနင်္ဂနွေနေ့က ယင်းဖြစ်ရပ်ပေါ်ပေါက်ခြင်းဖြစ်ကြောင်း စစ်ဘက်က သတင်းထုတ်ပြန်သည်။

ဒီယာလာပြည်နယ်သည် အီရတ်နိုင်ငံ၏ အရှေ့ပိုင်းတွင်ရှိပြီး အီရန်နယ်စပ်တွင်ရှိကြောင်း၊ ယင်းနေရာသည် အယ်လ်ခိုင်ဒါစစ်သွေးကြွများ အခိုင်အမာတပ်စွဲရာနေရာ ဖြစ်ကြောင်း၊ ၎င်းတို့ကို အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များနှင့် အီရတ်တပ်ဖွဲ့များက စစ်ဆင်ရေးတစ်ရပ်အနေဖြင့် ချေမှုန်းလျက်ရှိကြောင်း၊ ယခုအမေရိကန်တပ်ဖွဲ့ဝင် သေဆုံးမှုနှင့်ပတ်သက်၍စုံစမ်းစစ်ဆေးမှုစတင်နေကြောင်း သတင်းတွင်ပါရှိသည်။

၂၀၀၃ ခုနှစ်တွင် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များက အီရတ်နိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်ချိန်မှစ၍ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၄၄၁၅ ဦးရှိပြီဖြစ်ကြောင်း ပင်တဂွန်မှ စာရင်းဇယားများတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

\- - - - - - - - - -

တာလီဘန်စိုးမိုးရာဒေသကို ပူးပေါင်းတိုက်ခိုက်

ဂါဇနီ ဩဂုတ် ၁၆

အာဖဂန်တပ်ဖွဲ့များနှင့် အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ပူးပေါင်းတိုက်ခိုက်မှုကြောင့် အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဂါဇနီပြည်နယ်တွင် တာလီဘန်တပ်မှူးတစ်ဦးအပါအဝင် တာလီဘန်စစ်သွေးကြွ ငါးဦးသေဆုံးသွားကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့အကြီးအကဲက တနင်္လာနေ့တွင် ပြောကြားသည်။

အာဖဂန်တပ်ဖွဲ့များနှင့် နိုင်ငံတကာတပ်ဖွဲ့များက တာလီဘန်တို့စိုးမိုးရာ မူကွာခရိုင်ကို တနင်္ဂနွေနေ့ညက စီးနင်းတိုက်ခိုက်မှုကြောင့် တာလီဘန်တပ်မှူး မူလာဆလင်အပါအဝင် တာလီဘန်စစ်သွေးကြွငါးဦး သေဆုံးသွားကြောင်း၊ နိုင်ငံတကာတပ်ဖွဲ့များဘက်မှ အကျအဆုံးမရှိကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ ရှီယာဇီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဂါဇနီပြည်နယ်ရှိ မူကွာ၊ ကွာဒါဘက်နှင့် အန်ဒါခရိုင်များကို တာလီဘန်တို့ကြီးစိုးရာဒေသများအဖြစ် သတ်မှတ်ထားပြီး တာလီဘန်တို့သည်လည်း ၎င်းတို့၏ ဩဇာအာဏာနယ်ပယ်ကို ယင်းဒေသများတွင် ချဲ့ထွင်လျက်ရှိသည်။

တာလီဘန်စစ်သွေးကြွများသည် အာဖဂန်နှင့်နေတိုးတပ်ဖွဲ့များကို တိုက်ခိုက်သည့်အနေဖြင့် လွန်ခဲ့သည့် သီတင်းပတ်က ဂါဇနီပြည်နယ်မြို့တော် ဂါဇနီမြို့ကို ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း ဝန်ခံထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

\- - - - - - - - - -

အာဖဂန်တွင် အကြမ်းဖက်မှုများကြောင့် သေဆုံးမှုတိုးလာ

ကန်ဒုဟ် ဩဂုတ် ၁၆

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကန်ဒုဇ်ပြည်နယ်တွင် ဗုံးခွဲသူတစ်ဦးက အသေခံဗုံးဖောက်ခွဲရာ အရပ်သားလေးဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကွာလိုင်းကယ်လ်ခရိုင်ရှိ ကွိကပါဈေးအတွင်းတွင် တနင်္လာနေ့နံနက်ပိုင်းက စက်ဘီးစီးလာသူ အကြမ်းဖက်သမားတစ်ဦးက အသေခံ၍ ဗုံးဖောက်ခွဲခြင်းဖြစ်ကြောင်း၊ ကလေးသုံးဦးအပါအဝင်အပြစ်မဲ့အရပ်သား လေးဦးသေဆုံးရကြောင်း ခရိုင်ရဲတပ်ဖွဲ့အကြီးအကဲက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အသေခံဗုံးဖောက်ခွဲသူမှာ ယင်းပေါက်ကွဲမှုတွင် သေဆုံးသွားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်စစ်သွေးကြွများက လမ်းဘေးဗုံးခွဲ၍ တိုက်ခိုက်ခြင်း၊ အသေခံဗုံးခွဲတိုက်ခိုက်ခြင်းများ မကြာခဏပြုလုပ်နေသဖြင့် စစ်ကြောင့်ဒုက္ခရောက်နေရသည့်အပြင် အရပ်သားများစွာ သေဆုံးကြရသည်။

လွန်ခဲ့သောရက်သတ္တပတ်က ထုတ်ပြန်သော ကုလသမဂ္ဂ၏ အစီရင်ခံစာတွင် တာလီဘန်အဆက်အနွှယ်များ၏အကြမ်းဖက်မှုများသည် ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှ ဇွန် ၃၀ ရက်နေ့အထိ အရပ်သား ၁၂၇၁ ဦး အပါအဝင် ၃၂၆၈ ဦး သေဆုံးပြီး ၁၉၉၇ ဦး ဒဏ်ရာရရှိသည်ဟု ဖော်ပြထားသည်။ ယမန်နှစ်အလားတူ ကာလကထက် ၃၁ ရာခိုင်နှုန်း တိုးလာသည်ဟု သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

မောရီရှသျှနိုင်ငံအနီး အိန္ဒိယသမုဒ္ဒရာအတွင်း အင်အားပြင်းငလျင်လှုပ်

ဝါရှင်တန် ဩဂုတ် ၁၆

တနင်္လာနေ့ ကမ္ဘာ့စံတော်ချိန် ဝ၃း၃ဝ နာရီတွင် မောရီသျှနိုင်ငံအနီးရှိ အိန္ဒိယသမုဒ္ဒရာတွင် ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ ငလျင်လှုပ်ကြောင်း အမေရိကန်ပြည်ထောင်စုရှိ ဘူမိဗေဒတိုင်းတာလေ့လာရေးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါငလျင်၏ ဗဟိုချက်မှာ မောရီသျှနိုင်ငံအနောက်မြောက်ဘက်မှ ကီလိုမီတာ ၃၂၀ ကွာဝေးသော ရိုဒရီဂွီးစ်ကျွန်းနှင့် မောရီသျှနိုင်ငံမြို့တော်ပို့တ်လူးဝစ်၏ အရှေ့-အရှေ့မြောက်ဘက်မှ ကီလိုမီတာ ၉၀၀ ကွာဝေးသော နေရာများဖြစ်ကြောင်း၊ မြေအောက်အနက် ၁၀ ဒသမ ၆ ကီလိုမီတာ၌ လှုပ်ခြင်းဖြစ်ကြောင်း သတင်းတွင် ပါရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရန်နှင့် အစ္စရေးအပေါ်ထားရှိသော သဘောထား မပြောင်းလဲပါက တူရကီနိုင်ငံကို အမေရိကန်က လက်နက်ရောင်းချမည်မဟုတ်ဟုဆို

နယူးယောက် ဩဂုတ် ၁၆

အစ္စရေးနှင့် အီရန်နိုင်ငံများအပေါ်ထားရှိသော တူရကီအစိုးရ၏ ရပ်တည်ချက်သည် မပြောင်းလဲခဲ့ပါက တူရကီနိုင်ငံအနေဖြင့် ၎င်းဝယ်ယူလိုသော အမေရိကန်လက်နက်များကို ဝယ်ယူနိုင်ခွင့် အခွင့်အရေး နည်းပါးသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတက တူရကီဝန်ကြီးချုပ်အား ပုဂ္ဂိုလ်ရေးအရ သတိပေးခဲ့သည်ဟု ဩဂုတ် ၁၅ ရက် သတင်းများတွင် ဖော်ပြသည်။

အမေရိကန်တပ်ဖွဲ့များ အီရတ်နိုင်ငံမှ ၂၀၁၁ ခုနှစ် နှစ်ကုန်တွင် ဆုတ်ခွာခဲ့ပါက ကာဒစ်ခွဲထွက်ရေးဝါဒီ သူပုန်များကို တိုက်ခိုက်ရန် အမေရိကန်မောင်းသူမဲ့လေယာဉ်များကို ရယူလိုသော တူရကီအစိုးရအဖို့ အမေရိကန်သမ္မတ၏ သတိပေးစကားကို အလေးအနက်ထား ကိုင်တွယ်ရတော့မည်ဖြစ်ကြောင်း သတင်းများတွင်ဖော်ပြသည်။

ယခုနှစ်ဇွန်လအတွင်း အီရန်နိုင်ငံကို အရေးယူပိတ်ဆို့မှုများပြုလုပ်ရန် မဲခွဲဆုံးဖြတ်စဉ် တူရကီနိုင်ငံက ကန့်ကွက်မဲပေးခဲ့သည့်အတွက် အမေရိကန်အစိုးရက တူရကီအစိုးရအား အမျက်ရှခဲ့သည်။

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကျင်းပသော ဂျီ-၂၀ ထိပ်သီး အစည်းအဝေးတွင် အီရန်နိုင်ငံအရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ မဲခွဲဆုံးဖြတ်မှု၌ တူရကီနိုင်ငံသည် အမေရိကန်နိုင်ငံ၏ မဟာမိတ်အဖြစ်ရပ်တည်ရေးမှ သွေဖည်ခဲ့ကြောင်း အမေရိကန်သမ္မတ အိုဘားမားက ပြောကြားခဲ့သည်။

တူရကီနိုင်ငံသား ၉ ဦး သေဆုံးခဲ့ရသော ဂါဇာထောက်ပံ့ရေး သင်္ဘောအုပ်စုနှင့် အစ္စရေးရေတပ်တို့အကြား ပဋိပက္ခနှင့် ပတ်သက်၍ အငြိုးအာဃာတများကို အဆုံးသတ်ရန်လည်း အမေရိကန်သမ္မတက တူရကီဝန်ကြီးချုပ်အား တောင်းဆိုခဲ့သည်။ ***အင်တာနက်။***

စည်ပေါင်း ၁ ဒသမ ၈ ဘီလီယံရှိ ရေနံသိုက် အာဖဂန်နစ္စတန်၌ တွေ့ရှိ

ကဘူး ဩဂုတ် ၁၆

အာဖဂန်နစ္စတန်နိုင်ငံတွင် ခန့်မှန်းခြေအားဖြင့် ရေနံစိမ်းစည် ၁ ဒသမ ၈ ဘီလီယံထွက်ရှိနိုင်သော ရေနံသိုက်ကို ရှာဖွေတွေ့ရှိခဲ့သည်ဟု ဒေသဆိုင်ရာ သတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

ယခုတွေ့ရှိထားသည့်သိုက်သည် အာဖဂန်၌ ယခင်က တွေ့ရှိခဲ့ပြီးဖြစ်သော ရေနံသိုက်ထက် ဆယ်ဆပိုမိုထွက်ရှိနိုင်သည်ဟု အာဖဂန်နစ္စတန်သတင်းစာ၌ ဖော်ပြထားသည်။***အမ်အင်အေ၊ ဆင်ဟွာ။***

ရေဒါရှောင်နိုင်သော တိုက်လေယာဉ်အစင်း ၂၀ အစ္စရေးဝယ်မည်

ပေကျင်း ဩဂုတ် ၁၆

အမေရိကန်နိုင်ငံလုပ် ရေဒါဖြင့် မထောက်လှမ်းနိုင်သော "စတဲ့လ်သ်" တိုက်လေယာဉ် အစင်း ၂၀ ကို ဝယ်ယူရန် အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်စ်က မူအားဖြင့်သဘောတူခဲ့သည်။

ထိုတိုက်လေယာဉ်များ ဝယ်ယူရန် ကုန်ကျစရိတ်စုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၅ ဘီလီယံ ရှိမည်ဖြစ်သည်။

၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်ကြားတွင် အက်ဖ်-၃၅ တိုက်လေယာဉ်များ အစ္စရေးနိုင်ငံသို့ ပေးပို့မည်ဟု မျှော်မှန်းထားသည်။ ထိုလေယာဉ်များသည် အစ္စရေးလေကြောင်းပိုင်နက်ကို စိုးမိုးထားရန်နှင့် ဒေသတွင်း၌ စစ်ရေးနည်းပညာအရ အရေးသာစေမည့် အစ္စရေးလေတပ်၏ အနာဂတ်တိုက်လေယာဉ်များ ဖြစ်ကြောင်း အစ္စရေး ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ရေဒါရှောင်ကွင်းနိုင်သည့် အက်ဖ်-၃၅ အမျိုးအစား စတဲ့လ်သ် တိုက်လေယာဉ် တစ်စင်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မိုးကြိုးမုန်တိုင်း တိုက်ခတ်ချိန် မြေပြင်သို့ဆင်းသက်ရာမှ လေယာဉ်ပြေးလမ်းပေါ်တွင် ပျက်စီးသွားသော ကိုလံဘီယာ ပုဂ္ဂလိက လေကြောင်းလိုင်း အဲရက်စ်မှ လေယာဉ်အပျက်အစီးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မိုးကြိုးမုန်တိုင်း ကျရောက်စဉ် ပြေးလမ်းပေါ်တွင် လေယာဉ်ပျက်စီး

ဘိုဂိုတာ ဩဂုတ် ၁၆

ကိုလံဘီယာပြည်တွင်းလေကြောင်းလိုင်းတစ်ခုမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဩဂုတ် ၁၆ ရက်က မုန်တိုင်းတိုက်ခတ်နေစဉ် စန်အန်ဒရက်စ်ကျွန်းလေဆိပ်သို့ ဆင်းသက်ရာမှ ပျက်စီးသွားခဲ့ရာ ခရီးသည်တစ်ဦးသာ သေဆုံးကြောင်းနှင့် ၁၁၄ ဦး ဒဏ်ရာရရှိသွားကြောင်း လေတပ်အာဏာပိုင်အဖွဲ့က ပြောကြားသည်။

အဲရက်စ်လေကြောင်းလိုင်းပိုင် ဘိုးအင်း ၇၃၇ အမျိုးအစား အဆိုပါ လေယာဉ်သည် ခရီးသည် ၁၂၁ဦးနှင့် လေယာဉ်ဝန်ထမ်းခြောက်ဦးတို့ကို တင်ဆောင်၍ ကာရစ်ဘီယံပင်လယ်တွင်း အပန်းဖြေကျွန်းပေါ်ရှိ လေဆိပ်သို့ ဆင်းသက်စဉ် လေယာဉ်ပြေးလမ်းပေါ်တွင် ပျက်စီးသွားခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်ပျက်ကျချိန်တွင် မိုးကြိုးနှင့်လေပြင်းများ အပြင်းအထန်ကျရောက်နေကြောင်း လေတပ်အာဏာပိုင်တစ်ဦးက သတင်းထောက်များကို ပြောကြားသည်။ ***အင်တာနက်။***



ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီအား နိုင်ငံတစ်ဝန်းမှ ပြည်သူများ စိတ်ဝင်တစား လာရောက်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ဆင်ဖြူတော်ရတနာအား ကြည့်ရှုလေ့လာသူများ ဆက်လက်လာရောက်

နေပြည်တော် ဩဂုတ် ၁၆

နေပြည်တော်ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်းရှိ ဆင်ဖြူတော်ရတနာဆောင်၌ အဖော်ဆင်များနှင့်အတူ နေထိုင်လျက်ရှိသော ဆင်ဖြူတော်ရတနာ " ဘဒ္ဒဝတီ"အား စတင်ရောက်ရှိသည့် ဩဂုတ် ၉ ရက်မှစ၍ နေပြည်တော် ဒေသခံများသာမက နိုင်ငံတစ်ဝန်းမှ ဘုရားဖူးလာပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာလျက်ရှိကြရာ ယနေ့တွင်လည်း ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်း ကြည့်ရှုလေ့လာသူများ ဆက်လက်လာရောက်လျက်ရှိကြောင်း၊ ဩဂုတ် ၁၄ရက် (စနေနေ့)နှင့် ဩဂုတ် ၁၅ရက် (တနင်္ဂနွေနေ့)ကလည်း ရုံးပိတ်ရက်ဖြစ်သည့်အားလျော်စွာ လာရောက်ကြည့်ရှုလေ့လာသူများ ပိုမိုများပြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၆

ပါတီတွေက ပြည်သူတွေရဲ့ အထက်မှာရှိပြီး ပြည်သူတွေကို ပြန်ခိုင်းနေမယ်ဆိုရင် ဒီမိုကရေစီမဟုတ်တော့ဘူး၊ နိုင်ငံရေးပါတီတွေဆိုတာ ပြည်သူတွေရဲ့ အခိုင်းခံဘဝနဲ့ ရပ်တည်ရမှာဆိုတဲ့ မြန်မာ့ဒီမိုကရေစီကွန်ဂရက်ပါတီ ဥက္ကဋ္ဌကောင်းမြတ်ထွဋ်နဲ့တွေ့ဆုံခြင်းအပါအဝင် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၄၀)ကို ယနေ့ဖြန့်ချိလိုက်သည်။

နိုင်ငံရေးပါတီများနှင့် ပြည်သူများ စောင့်မျှော်နေသော ၂၀၁၀ရွေးကောက်ပွဲကြီး နိုဝင်ဘာလ ၇ရက်နေ့တွင် ကျင်းပမည်၊ တရားမဝင်လိုင်စင်မဲ့ယာဉ်များ တရားဝင် မှတ်ပုံတင်ပြုလုပ်ရာတွင် အထူးယာဉ်စစ်ဆေးခနှင့် မှတ်ပုံတင်ခ ၁၅သိန်းပေးဆောင်ရန် မလိုတော့၊ အခွန်နှုန်းထားများအား ပြင်ဆင်ကောက်ခံသွားမည်၊ Waka Waka ကမ္ဘာ့ဖလားဘောလုံးပွဲသီချင်း ရိုက်ကူးရာတွင် ပါဝင်ခဲ့သော မြန်မာအမျိုးသမီးငယ် သုံးဦးနှင့်တွေ့ဆုံခြင်း၊ ရေဆိုးသန့်စင်စက် Bio-Filter မြန်မာနိုင်ငံတွင် ထုတ်လုပ်ရောင်းချ၊ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအဖြစ် အွန်လိုင်းမှတစ်ဆင့် အဝေးပြေးကားလက်မှတ်များဝယ်ယူနိုင်ပြီ၊ ဈေးကစားနေတဲ့ပဲကုန်သည် တချို့ကြောင့် ပြည်တွင်း၌သာမက ပြည်ပပဲဈေးကွက်ကိုပါ ထိခိုက်နိုင်၊ စိုက်ပျိုးထုတ်လုပ်သူများမှလွဲ၍ ပဲရောင်းဝယ်မှုပြုလုပ်လျှင် အခွန်ငွေငါးရာခိုင်နှုန်း ပေးဆောင်ရမည်၊ နိုင်ငံခြားသားပိုင်ငွေဖြင့် မြန်မာနိုင်ငံသားအမည်ခံ ကုမ္ပဏီနှင့် ပုဂ္ဂလိကဘဏ်ထူထောင်ခွင့်ရှိ၊ မရှိ၊ ဝယ်ချင်တော့လည်းသူတို့ ရောင်းချင်တော့လည်းသူတို့၊ ထိုင်းနိုင်ငံ PTTEP ကုမ္ပဏီက စီးပွားဖက်ရင်းနှီးမြှုပ်နှံသူအသစ်များ ဖိတ်ခေါ်၊ အမေဆိုတာ အမေပါပဲ၊ ချစ်သူဆီက တကယ်ချစ်တဲ့အချစ်စစ်တစ်ခုကို လိုချင်ပါတယ်လို့ပြောလာတဲ့ ပြေတီဦး၊ ဘဝရဲ့လက်တွဲဖော်ကို မကြာမီလာမည်မျှော်လို့ ဖွင့်ဟလာတဲ့ အူဝဲ(ခ)အိန္ဒြာကျော်ဇင်၊ ဗီယက်နမ်မှာရှိတဲ့ အမေရိကန် လေယာဉ်တင်သင်္ဘောက တရုတ်အတွက်ခြိမ်းခြောက်မှုလား၊ အစ္စရေးက ဂျင်းအားသတ်ဖြတ်ရန် ကြေးစားလူသတ်သမားများ ငှားရမ်းခဲ့ကြောင်း အာမက်ဒီနီဂျက် ပြောကြား၊ တိုက်ခိုက်ခံရပါက အမေရိကန်ပြည်ထောင်စုအား ချေမှုန်းပစ်မည်ဟု အီရန်တပ်မှူးများ ပြောကြား၊ သမ္မတရူစဗဲ့လ်သာဆိုရင် အီရန်နဲ့ မြောက်ကိုရီးယားကို တိုက်မှာသေချာတယ် စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်။ (သတင်းစဉ်)

သံဖြူဇရပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှတ်(၁)ဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ရေစင်နှင့် ရေလှောင်ကန် ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးမြင့်ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

RSS Station

Rinnai Sales & Service Station (RSS Station) ကို ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် (၅/၈) ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ်(၃၁၀)၌ ဖွင့်လှစ်ထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

RINNAI အရောင်းပြခန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း ရွှေပြည်သာ၌ ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၁၆

ဂျပန်နိုင်ငံလုပ် Rinnai ထုတ်ကုန်များအတွက် Rinnai Sales & Service Station (RSS Station) ဖွင့်ပွဲကို ဇူလိုင် ၂၅ရက် နံနက် ၉နာရီတွင် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ၅/၈ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ်(၃၁၀)၌ ကျင်းပသည်။

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၄)လမ်း(အထက်) အမှတ်(၁၉၉)၌ တည်ရှိသော Myanmar Kowa International Co.,Ltd. သည် ဂျပန်နိုင်ငံလုပ် Rinnai ထုတ်ကုန်များအနက် ဂက်(စ်)စားနှုန်း ၃၀ရာခိုင်နှုန်း သက်သာသည့် RB-3Si (S) (Built In Hob) နှင့် RV-5700 (Table Top) များ၊ ဆန်နို့ဆီဘူး အလုံး၂၀ချက်နိုင်ပြီး လျှပ်စစ်ဓာတ်အားမလိုသည့် LPG ဂက်(စ်)သုံး ထမင်းပေါင်းအိုး (Gas Rice Cooker)၊ မီးသွေးနှင့်ကင်သကဲ့သို့ သဘာဝအတိုင်း အကင်အရသာပေးစွမ်းနိုင်သည့် Grill Tray ပါရှိသည့်အပြင် ချက်ပြုတ်မည့်ဟင်းလျာပေါ်မူတည်ကာ အပူချိန်ကို ချိန်ညှိပေးနိုင်သော လုံးဝမီးမလောင်နိုင်သည့် Japan Gas Cooker များ၊ စတိန်းလက်စ်စတီးလ် Top Plate ဖြင့်တည်ဆောက်ထားပြီး Hight Quality Brass မီးထွက်ခေါင်းပါရှိသည့် Single Gas Cooker များ၊ စားသောက်ဆိုင်များနှင့် တစ်နေကုန် ချက်ပြုတ်လိုသူများအတွက် Commercial Gas Cooker များ၊ All Steel Cooker များ၊ Protable Gass Cooker များ၊ Cooker Hood များနှင့် Water Heater များကို တစ်ပြည်လုံးအတွက် တာဝန်ယူ ဖြန့်ဖြူးလျက်ရှိရာ စားသုံးသူများက နှစ်ခြိုက်စွာ ဝယ်ယူအားပေးလျက်ရှိနေကြသည့်အတွက် RSS Station များ ထပ်မံတိုးချဲ့ ဖွင့်လှစ်ပေးနေခြင်း ဖြစ်ကြောင်း သိရသည်။

Rinnai ထုတ်ကုန်ပစ္စည်းများသည် သဘာဝဘေးအန္တရာယ်ကို ကာကွယ်ပေးပြီး မီးဘေးအန္တရာယ် ကင်းဝေးကာ လူနေမှုအဆင့်မြင့်မားစေသဖြင့် နှစ်ခြိုက်စွာ ဝယ်ယူအားပေးနေကြသူများ အခက်အခဲမရှိ ဝယ်ယူရရှိ ဆက်သွယ်နိုင်အောင် RSS Station များကို Station (1) အမှတ် A-3 အောင်ဆန်းကွင်း အရှေ့မြောက်ဘက်တန်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၂၄၅၅၄၃၊ Station (2) အမှတ် 205- A, မြေညီထပ် ယုဇနပလာဇာရှေ့ ဗညားဒလလမ်း တာမွေမြို့နယ် ဖုန်း-၂၉၄၉၉၆ ၊ Station(3) အမှတ်(၁၃၉) မြေညီထပ် လမ်း(၈၀) (၂၇)လမ်းနှင့် (၂၈)လမ်းကြား ရွှေနဂါးရပ်ရှင်ရုံရှေ့ မန္တလေး ဖုန်း-၀၉- ၆၈၀၃၅၀၅ ၊ Station (4) အမှတ် (၃၁၀) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊(၅/၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်တို့၌ ဖွင့်လှစ်ထားပြီး RSS Station ဖွင့်လှစ်လိုသူများသည် Myanmar Kowa International Co., Ltd. အမှတ်(၁၉၉) (၃၄)လမ်း အထက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၆၃၀၄၊ ၂၄၅၉၂၅၊ ၇၀၈၃၈၂ နှင့် စားသုံးသူဝန်ဆောင်မှု (Hot Line) ၇၃၀ ၀၇၇၇၃တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၁၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** အမ်းမြို့တွင် ၃ ဒသမ ၁၉လက်မ၊ ဗန်းမော်မြို့တွင် ၂ ဒသမ ၈၃ လက်မ၊ ပေါင်မြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ပူတာအိုမြို့ တွင် ၁ ဒသမ ၆၁ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ ရွှေကျင်မြို့တွင် ၁ ဒသမ ၁၄ လက်မနှင့် ဘီးလင်းမြို့တွင် ၁ ဒသမ ၁၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ॥ ॥ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

ဩဂုတ် ၁၇ ရက် ညနေထိခန့်မှန်းချက် ॥ ॥ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ॥ ॥ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ॥ ॥ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၄ဒသမသုညဒီဂရီစင်တီဂရိတ်) ၉၃ ဒီဂရီဖာရင်ဟိုက်		၁၅-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၄ဒသမ၅ဒီဂရီစင်တီဂရိတ်) ၇၆ ဒီဂရီဖာရင်ဟိုက်		၁၆-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၈၄ ရာခိုင်နှုန်း	၁၆-၈-၂၀၁၀
မိုးရေချိန်	မရှိပါ	၁၆-၈-၂၀၁၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၂ဒသမ၅ ဒီဂရီစင်တီဂရိတ်) ၉၀ဒီဂရီဖာရင်ဟိုက်		၁၅-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၅ဒသမသုညဒီဂရီစင်တီဂရိတ်) ၇၇ဒီဂရီဖာရင်ဟိုက်		၁၆-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၈၄ ရာခိုင်နှုန်း	၁၆-၈-၂၀၁၀
နေပူသည့်နာရီပေါင်း	၆ ဒသမ ၉ နာရီခန့်	၁၅-၈-၂၀၁၀

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၁၆-၈-၂၀၁၀	မရှိပါ	မရှိပါ	မရှိပါ
၁-၁-၂၀၁၀မှ	၁၂၇၃မမ	၁၄၁၉မမ	၁၇၁၆မမ
ယနေ့အထိ	(၅၀ဒသမ ၁၂လက်မ)	(၅၅ဒသမ၈၇လက်မ)	(၆၇ဒသမ၅၆လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၅-၈-၂၀၁၀ ရက် ၁း၃၀ နာရီအချိန်တွင် တောင်ဘက်မှ တစ်နာရီ လေးမိုင်နှုန်းတိုက်ခတ်သည်။

မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးအနေဖြင့် အမြဲအဆင့်အတန်းမီပြီး ရှေ့သို့ အရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်နေအောင် ကြိုးပမ်း

ရှင်းလင်းတင်ပြ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

☆ရှေ့ဖုံးမှ

ဤသို့ နိုင်ငံတော် ဖွံ့ဖြိုးရေးအတွက် အရေးကြီးသော အထူးစီမံကိန်းကြီးများကို စိစစ်ချမှတ်ပေးပြီး ပူးပေါင်းအကောင်အထည်ဖော်နိုင်ခဲ့ခြင်းကြောင့် ယခုအခါ မိမိတို့တိုင်းပြည်၌ ထိရောက်သော အကျိုးသက်ရောက်မှုများ လက်တွေ့ဖြစ်ပေါ်ခံစားနေရပြီ ဖြစ်ကြောင်း။

ကြိုးကြိုးစားစား အားထုတ်လုပ်ကိုင်

ယနေ့ ကမ္ဘာ့နိုင်ငံတိုင်းသည် ကိုယ့်နိုင်ငံ၊ ကိုယ့်တိုင်းပြည် တိုးတက်ဖွံ့ဖြိုးရေးကို ရှေးရှုလျက် အသီးသီး ကြိုးစားပမ်းစား လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း အရှိန်အဟုန်ဖြင့် မြန်မြန်ထက်ထက် တိုးတက်ဖွံ့ဖြိုးရေးအတွက် ကြိုးကြိုးစားစား အားထုတ်လုပ်ကိုင်သွားကြရမှာဖြစ်ကြောင်း၊ မိမိတို့လက်ထက်၌ ကြိုးပမ်းတည်ဆောက်သကဲ့သို့ နောင်လာနောက်သားများလက်ထက်၌လည်း ယခုကဲ့သို့ စီမံကိန်းကြီးများကို ဆက်လက် စိစစ်ရွေးချယ်တည်ဆောက်သွားရမှာ ဖြစ်ကြောင်း။

သို့မှသာ အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု၌ နောက်ကျခဲ့သော မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်နေသော အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်မှာဖြစ်ကြောင်း၊ မိမိတို့ ညီညီညွတ်ညွတ် စုပေါင်းအားထုတ်မှုများကြောင့်အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ပြီး အခြားနိုင်ငံများကို မီလာသည့်တိုင်အောင် မိမိတို့၏ ကြိုးပမ်းအားထုတ်မှုအရှိန်အဟုန်ကို လျှော့ချ၍မရကြောင်း၊ ယနေ့ကမ္ဘာကြီးသည် အရှိန်အဟုန်ဖြင့် ရှေ့သို့ တိုးတက်လျက်ရှိသဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးအနေဖြင့်အမြဲအဆင့်အတန်းမီပြီး ရှေ့သို့ အရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်နေအောင် ကြိုးပမ်းနေကြရမည် ဖြစ်ကြောင်း။

ယင်းအသိတရား၊ ယင်းခံယူချက်များဖြင့် မိမိနိုင်ငံကို အဆင့်အတန်းရှိသော နိုင်ငံအဖြစ် တင့်တောင့် တင့်တယ်၊ ထည်ထည်ဝါဝါ ရပ်တည်နိုင်အောင် ဖိဖိစီးစီး အားထုတ်ဆောင်ရွက်ကြရန် အရေးကြီးကြောင်းဖြင့် မှာကြားသည်။

လယ်ယာ/ဆည်မြောင်း

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက ဆည်မြောင်းဦးစီးဌာနအနေဖြင့် ဆက်လက်အကောင်အထည်ဖော်သွားမည့် တာလီရေလွှဲဆည်စီမံကိန်း၊ စာကြိုရေလှောင်တမံစီမံကိန်း၊ နမ့်ကျန်ရေလှောင်တမံစီမံကိန်း၊ ဆီမီးခုံ-၃ လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပြုစီမံကိန်းများအနက် ပထမစီမံကိန်းမှာ ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် တာလီချောင်းပေါ်၌ တာလီရေလွှဲဆည် တည်ဆောက်ခြင်းဖြင့် မိုးမောက်မြို့နယ် နွယ်လန်းကျေးရွာအတွင်း လယ်မြေဧက ၃၄၈၆ ဧကကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ စတုတ္ထစပါးကျီဖြစ်ရန် ကချင်ပြည်နယ်၏ ကြိုးပမ်းသည့်စီမံချက်ကိုပါ အထောက်အကူပြုမည် ဖြစ်သည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုပါ များစွာအထောက်အကူပြုမည်ဖြစ်သည်။

ဒုတိယစီမံကိန်းမှာ မကွေးတိုင်း ချောက်မြို့နယ် အိုင့်ကြီးကျေးရွာအနီး စာကြိုချောင်းပေါ်တွင် မြေသားတမံအမျိုးအစားအဖြစ် တည်ဆောက်အကောင်အထည်ဖော်သွားမည့် စာကြိုရေလှောင်တမံ စီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်း အကောင်အထည်ဖော်ခြင်းဖြင့် စိုက်ပျိုးမြေဧရိယာ ဧက ၁၀၀၀ ခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ပြီး စီမံကိန်းဒေသအတွင်း သောက်သုံးရေဖူလုံရုံမျှမက ဒေသစိမ်းလန်းစိုပြည်မှုကိုပါ အထောက်အကူပြုမည်ဖြစ်သည်။

တတိယစီမံကိန်းဖြစ်သည့် နမ့်ကျန်ရေလှောင်တမံစီမံကိန်းမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် နမ့်ကျန်ကျေးရွာအနီး နမ့်ကျန်ချောင်းပေါ်တွင် တည်ဆောက်မည့် မြေသားတမံအမျိုးအစားဖြစ်သည်။ ယင်းစီမံကိန်း တည်ဆောက်ခြင်းဖြင့် လားရှိုးမြို့နယ်အတွင်း မြေဧရိယာ ၁၇၉ ဧကခန့်ကို ရေပေးဝေနိုင်မည်ဖြစ်ပြီး လားရှိုးမြို့ ရေကန်တောင်ရှိ ရေကန်ပေါင်း ၂၀ အတွင်းသို့ ရေဖြည့်သွင်းပေးခြင်းဖြင့် လားရှိုးမြို့ပေါ်ရှိ ရပ်ကွက် ငါးခုကို ရေပေးဝေနိုင်မည်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့✳

စစ်ကိုင်းတိုင်းသည် ပူပြင်းခြောက်သွေ့ပြီး ရေရှားပါးသည့်ဒေသဖြစ်သော်လည်း ယခုအခါ မြစ်ရေတင်စီမံကိန်းများဖြင့် နွေစပါး၊ မိုးစပါးများကို စိုက်ပျိုးနိုင်ပြီဖြစ်သည်။

တာလီရေလွှဲဆည်

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် တာလီချောင်းပေါ်၌ တာလီရေလွှဲဆည် တည်ဆောက်ခြင်းဖြင့် မိုးမောက်မြို့နယ် နွယ်လန်းကျေးရွာအတွင်း လယ်မြေဧက ၃၄၈၆ ဧကကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ စတုတ္ထစပါးကျီဖြစ်ရန် ကချင်ပြည်နယ်၏ ကြိုးပမ်းသည့်စီမံချက်ကိုပါ အထောက်အကူပြုမည်ဖြစ်သည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုပါ များစွာ အထောက်အကူပြုမည်။

စာကြိုရေလှောင်တမံ

မကွေးတိုင်း ချောက်မြို့နယ် အိုင့်ကြီးကျေးရွာအနီး စာကြိုချောင်းပေါ်တွင် မြေသားတမံအမျိုးအစားအဖြစ် တည်ဆောက် အကောင်အထည်ဖော်သွားမည့် စာကြိုရေလှောင်တမံစီမံကိန်း အကောင်အထည်ဖော်ခြင်းဖြင့် စိုက်ပျိုးမြေဧရိယာ ဧက ၁၀၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး စီမံကိန်းဒေသအတွင်း သောက်သုံးရေဖူလုံရုံမျှမက ဒေသစိမ်းလန်းစိုပြည်မှုကိုပါ အထောက်အကူပြုမည်။

နမ့်ကျန်ရေလှောင်တမံ

လားရှိုးမြို့နယ် နမ့်ကျန်ကျေးရွာအနီး နမ့်ကျန်ချောင်းပေါ်တွင် တည်ဆောက်မည့် မြေသားတမံအမျိုးအစားဖြစ်ပြီး လားရှိုးမြို့နယ်အတွင်း မြေဧရိယာ ၁၇၉ ဧကခန့်ကို ရေပေးဝေနိုင်မည့်အပြင် လားရှိုးမြို့ ရေကန်တောင်ရှိ ရေကန်ပေါင်း ၂၀ အတွင်းသို့ ရေဖြည့်သွင်းပေးခြင်းဖြင့် လားရှိုးမြို့ပေါ်ရှိ ရပ်ကွက်ငါးခုကို ရေပေးဝေနိုင်မည်။

လားရှိုးမြို့၏ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေပြီး စိုက်ပျိုးရေ၊ သောက်သုံးရေ ဖြည့်ဆည်းပေးမည့် မြို့တောင်ဘက်ခြမ်းရှိ နမ့်ကျန်ရေလှောင်တမံကို ရှမ်းရိုးမနောက်ခံဖြင့် တွေ့ရစဉ်။

ရောဝတီတိုင်း အင်္ဂပူမြို့နယ်အတွင်းရှိ မြေဧရိယာ ဧက ၂၅၀၀၀ ကို ဆည်ရေပေးဝေမည့် ကညင်ရေလှောင်တမံစီမံကိန်းကို တွေ့ရစဉ်။

✻စာမျက်နှာ ၆ မှ

စတုတ္ထစီမံကိန်းဖြစ်သည့် ဆီမီးခုံ-၃ လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာ မန္တလေးတိုင်း မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာအနီးတွင် ရေပေါ်ရေတင်စက်ရုံ နှစ်ရုံတည်ဆောက်၍ ရေစုပ်စက်လေးလုံးဖြင့် ဧရာဝတီမြစ်ရေကို ကမ်းပါးပေါ်သို့ တွန်းပို့ပြီး ထပ်ဆင့်ရေတင်အဆင့် ငါးဆင့်ဖြင့် ရေတင်၍ ခြောက်သွေ့ပြီး ရေရှားပါးသော နွားထိုးကြီးမြို့နယ်အတွင်းသို့ သောက်သုံးရေ ဖြည့်ဆည်းပေးရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေ ဖြည့်စွက်ပေးနိုင်ရေးတို့အတွက် ရည်မှန်း၍ တည်ဆောက်မည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြစ်သည်။ စီမံကိန်းအရ နွားထိုးကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခုနစ်စု၏ စိုက်ပျိုးမြေဧက ၁၅၀၀၀ ကို ဖြည့်စွက်ရေပေးဝေနိုင်မည်ဖြစ်သည်ဟု ခန့်မှန်းတွက်ချက်ထားသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေမှ ထုတ်လုပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံး မြေတူးစက်ယန္တရားကို တွေ့ရစဉ်။

ဆက်လက်၍ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းက အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့က ခွင့်ပြုပြီးခဲ့သော စီမံကိန်း ၂၀၏ အကောင်အထည်ဖော်မှုအခြေအနေကို ပဏာမရှင်းလင်းတင်ပြပြီး ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းသုံးခု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ပထမစီမံကိန်းသည် နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍ စက်မှုကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သော Hydraulic Press များ တိုးချဲ့ထုတ်လုပ်ရေးစီမံကိန်းကို သာဂရစက်မှုနယ်မြေရှိ ရေအားလျှပ်စစ်တာဘိုင်နှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ပူးတွဲအကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ထုတ်လုပ်ရာတွင် ဈေးကွက်လိုအပ်ချက်အရ (100,150,300,500,800,1000) ton အထိ Hydraulic Press များကို တစ်နှစ်လျှင် အလုံး ၁၀၀ ထုတ်လုပ်သွားမည်ဖြစ်သည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းသုံးခု

Hydraulic Press များ တိုးချဲ့ ထုတ်လုပ်ရေးစီမံကိန်း

သာဂရစက်မှုနယ်မြေရှိ ရေအားလျှပ်စစ်တာဘိုင်နှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ပူးတွဲအကောင်အထည်ဖော်သွားမည်။ ဈေးကွက် လိုအပ်ချက်အရ (100, 150, 300,500,800,1000) ton အထိ Hydraulic Press များကို တစ်နှစ်လျှင် အလုံး ၁၀၀ ထုတ်လုပ်သွားမည်။

10-15 Ton Medium Truck (TE 31) ထုတ်လုပ်မှုစီမံကိန်း

ရန်ကုန်မြို့ရှိ အမှတ်(၁) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံတွင် ထုတ်လုပ်မှုလိုင်းအသစ်များတပ်ဆင်၍ ဈေးကွက်လိုအပ်ချက်အရ တစ်နှစ်လျှင် မော်တော်ယာဉ်မျိုးစုံ စီးရေ ၃၀၀၀ ခန့်အထိ ထုတ်လုပ်သွားမည်။ (၂၀-၃၀)တန် အကြီးစားကုန်တင်မော်တော်ယာဉ်များကို မကွေးမော်တော်ယာဉ်စက်ရုံမှ ထုတ်လုပ်သွားမည်။

အသေးစား လူစီးမော်တော်ယာဉ် ထုတ်လုပ်မှုစီမံကိန်း

အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (မကွေး)မှ ပြည်တွင်းဈေးကွက်နှင့် ကိုက်ညီပြီး ပေါ့ပါးခိုင်ခံ့၍ အဆင့်မြင့်နည်းပညာများ အသုံးပြုထားသည့် ဈေးနှုန်းသက်သာသော ခေတ်မီအသေးစား လေးယောက်စီး မော်တော်ယာဉ်များကို တစ်နှစ်လျှင် စီးရေ ၁၀၀၀ ထုတ်လုပ်မည်။

ဒုတိယစီမံကိန်းဖြစ်သည့် အရွယ်အလတ်စား 10-15 Ton Medium Truck (TE 31) ထုတ်လုပ်မှုစီမံကိန်းကို ရန်ကုန်မြို့ရှိ အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံတွင် ထုတ်လုပ်မှုလိုင်းအသစ်များတပ်ဆင်၍ ဈေးကွက်လိုအပ်ချက်အရ တစ်နှစ်လျှင် မော်တော်ယာဉ်မျိုးစုံစီးရေ ၃၀၀၀ခန့်အထိ ထုတ်လုပ်သွားမည်ဖြစ်သည်။ (၂၀-၃၀)တန် အကြီးစားကုန်တင်မော်တော်ယာဉ်များကို မကွေးမော်တော်ယာဉ်စက်ရုံမှ ထုတ်လုပ်သွားမည်ဖြစ်သည်။

အသေးစားလူစီးမော်တော်ယာဉ်

တတိယစီမံကိန်းဖြစ်သည့် အသေးစားလူစီးမော်တော်ယာဉ် ထုတ်လုပ်မှုစီမံကိန်းသည် အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (မကွေး)မှ ပြည်တွင်းဈေးကွက်နှင့် ကိုက်ညီပြီး ပေါ့ပါးခိုင်ခံ့၍ အဆင့်မြင့်နည်းပညာများ အသုံးပြုထားသည့် ဈေးနှုန်းသက်သာသော ခေတ်မီအသေးစား လေးယောက်စီး မော်တော်ယာဉ်များကို တစ်နှစ်လျှင် စီးရေ ၁၀၀၀ ထုတ်လုပ်မည့် စီမံကိန်းဖြစ်သည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ဆောက်လုပ်ရေး

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများကို အကျဉ်းချုပ်တင်ပြပြီး ဆက်လက် ဆောင်ရွက်မည့် စီမံကိန်း(၁၄)ခုကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ဆောင်ရွက်မည့်စီမံကိန်းများမှာ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အား ပေါင်းကူးဆက်စပ်သည့် အရှည် ၉၇ မိုင် ၇ ဖာလုံရှိသော ပြင်ဦးလွင်-မိုးကုတ်လမ်းကို လမ်းဖောက်လုပ်ရေး ကုမ္ပဏီ ၁၀ ခုနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကတ္တရာလမ်းအဆင့်အထိ ဖောက်လုပ်သွားမည်ဖြစ်သည်။

မိုင်းပြင်း-မက်မန်းလမ်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပြင်းမြို့နယ်နှင့် မက်မန်းမြို့နယ်ဆက်သွယ်သော အရှည် ၇၃ မိုင်ရှိ လမ်းလုပ်ငန်းဖြစ်ပြီး မြေသားလမ်းအဖြစ်မှ ကျောက်ချောလမ်းအဆင့်သို့ တိုးမြှင့်တည်ဆောက်သွားမည်ဖြစ်သည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဝင်လမ်းအမှတ် (၁၁) ဖြစ်သော ပုသိမ်-ငပုတောလမ်းစီမံကိန်းသည် လမ်းအရှည် ၂၀ မိုင်ရှိပြီး ကတ္တရာလမ်း ၂ မိုင် ၄ ဖာလုံကို တိုးတက်ပြုပြင်ခြင်း၊ အမာခံကျောက်လမ်း ၁၈ မိုင် ၄ ဖာလုံကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် လမ်းပိုင်းအတွင်း **စာမျက်နှာ ၈ ကော်လံ ၁ သို့◆**

အမှတ်(၂) စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေရှိ ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာစက်ရုံကို တွေ့ရစဉ်။

မိမိတို့ ညီညီညွတ်ညွတ် စုပေါင်းအားထုတ်မှုများကြောင့် အလျင်အမြန် ဖွံ့ဖြိုးတို
အခြားနိုင်ငံများကို မီလာသည့်တိုင်အောင် မိမိတို့၏ ကြိုးပမ်းအားထုတ်မှု အရှိန်အဟုန်ကို ‌ေ
မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး အမြဲ အဆင့်အတန်းမီပြီး ရှေ့သို့ အရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်နေအေ

◆ စာမျက်နှာ ၇ မှ

အလျားပေ ၆၀၀ ရှိ ပေပင်မြစ်တံတား၊ အလျားပေ ၄၀၀ ရှိ သက္ကယ်ချောင်းမြစ်တံတားတို့ကိုပါ ထည့်သွင်းတည်ဆောက်ရန် စီမံထားသော စီမံကိန်းဖြစ်သည်။ ယခု ပုသိမ်-ငပုတောလမ်းနှင့် တံတားများ တည်ဆောက်ပြီးစီးပါက ဒေသခံများအတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေပြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော မြစ်ဝကျွန်းပေါ်ဒေသကို အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်တို့အတွက် ရည်ရွယ်ဖောက်လုပ် တည်ဆောက်နေခြင်းဖြစ်သည်။

မြို့ချောင်းတံတား

မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ်-ဘန့်ဘွေးကုန်း-ပဲနွယ်ကုန်းလမ်း (ရိုးမဖြတ်ကျော်လမ်း)ပေါ်တွင် ဆောက်လုပ်မည့် မြို့ချောင်းတံတားသည် အရှည်ပေ ၂၄၀ ရှိပြီး နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဖြစ်သည်။ အဆိုပါတံတားတည်ဆောက်ပြီးစီးသွားပါက ပဲခူးတိုင်း အရှေ့ဘက်ခြမ်း အလယ်ပိုင်း(ပဲနွယ်ကုန်းဒေသ)နှင့် အနောက်ဘက်ခြမ်း အလယ်ပိုင်း(မင်းလှဒေသ)တို့အား ဆက်စပ်ပေးနိုင်မည့်အပြင် မင်းလှ-ပဲနွယ်ကုန်းမှ

ဧရာဝတီတံတား (မလွန်) တည်ဆောက်မှုစီမံကိန်းကို တွေ့ရစဉ်။

ဆောက်လုပ်ရေးယန္တရားထုတ်လုပ်မှုစက်ရုံ(သာဂရ)၏ အလုပ်ရုံကြီးများကို ဤသို့ ခံ့ထည်စွာ မြင်တွေ့ရသည်မှာ စက်မှုနိုင်ငံတည်ဆောက်ရေးအတွက် အားတက်ဖွယ်ဖြစ်သည်။

တစ်ဆင့် စစ်တောင်းတံတား(နတ်သံကွင်း)ကို ဖြတ်ကျော်၍ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်များသို့ အလွယ်တကူ ကူးသန်းသွားလာနိုင်မည်ဖြစ်သည်။

ကျားထူးချောင်းတံတား

မကွေး-နတ်မောက်-ပျော်ဘွယ်လမ်းပေါ်ရှိ ကျားထူးချောင်းတံတားသည် အလျားပေ ၄၈၀ ရှိပြီး သံကူကွန်ကရစ် အမျိုးအစား နှစ်လမ်းသွားတံတားဖြစ်သည်။ အဆိုပါ တံတားပြီးစီးပါက မကွေးမြို့၊ နတ်မောက်မြို့မှ ပျော်ဘွယ်မြို့သို့ အရှေ့-အနောက် ဖြတ်လမ်းအဖြစ် အသုံးပြုသွားလာနိုင်မည်ဖြစ်သည့်အပြင် ပျော်ဘွယ်မြို့မှတစ်ဆင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့များသို့ လွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်သည်။

ကျွဲရှင်းတံတားနှင့် ပလွေးတံတား

နေပြည်တော်-ချောင်းနက်-တောင်တွင်းကြီး ကားလမ်းဟောင်းပေါ်ရှိ ကျွဲရှင်းတံတား အလျားပေ ၁၈၀ နှင့် ပလွေးတံတား အလျားပေ ၁၉၀ တို့သည် ယခင်က တစ်လမ်းသွား ဘေလီတံတားများဖြစ်ပြီး ခံနိုင်ဝန်အား ၁၃ တန်သာရှိသော တံတားများဖြစ်သည်။ ယခုအခါ ပလွေးတံတားကို နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် လည်းကောင်း၊ ကျွဲရှင်းတံတားကို လေးလမ်းသွား သံပေါင်ရက်မတံတားအဖြစ်လည်းကောင်း အသစ်တည်ဆောက်သွားမည်ဖြစ်ပြီး အဆိုပါတံတားများ တည်ဆောက်ပြီးစီးပါက နေပြည်တော်မှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသို့ လည်းကောင်း၊ လမ်းသစ်ဖြစ်သည့် တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်းသို့ လည်းကောင်း လွယ်ကူစွာ ကူးသန်းသွားလာနိုင်တော့မည်ဖြစ်သည်။

တံတားကိုးစင်း

နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်းသစ်ပေါ်တွင် ပေ ၁၈၀ နှင့်အထက် တံတားကိုးစင်းဖြစ်သည့် ငလိုက်ချောင်းတံတား၊ ထန်းတပင်ချောင်းတံတား၊ ကိုးပင်ရိုးတံတား၊ သရက်ခွတံတား၊ စွန်ချောင်းတံတား၊ ပုလင်းချောင်းတံတား၊ စလေချောင်းတံတား၊ လိပ်ကမ်းချောင်းတံတားနှင့် ရွှေပန်းချောင်းတံတားတို့ကို တည်ဆောက်ရမည်ဖြစ်သည်။ အဆိုပါတံတားများသည် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားများဖြစ်ပြီး တံတားအောက်ခြေအုတ်မြစ်ကို သံကူကွန်ကရစ် လွန်တူးပိုင်များဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။ ထို့အပြင် အဆိုပါလမ်းပေါ်တွင် ထပ်မံတည်ဆောက်ရန် လိုအပ်သော တံတားအရှည် ပေ ၁၄၆၀ ရှိသည့် ယင်းချောင်းတံတားစီမံကိန်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကပင် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကြိုတင်အားဖြည့် ကွန်ကရစ်နှင့် သံကူကွန်ကရစ်တို့ဖြင့် နှစ်လမ်းသွားတံတားအဖြစ် တည်ဆောက်မည်ဖြစ်သည်။ အဆိုပါ တံတားများအားလုံး တည်ဆောက်ပြီးစီးသွားပါက နေပြည်တော်မှ မကွေးမြို့အကြား ခရီးအတိုဆုံးလမ်းကြောင်းတစ်ခုအဖြစ် ပေါ်ပေါက်လာမည်ဖြစ်သည်။

ပြည်ညောင်တံတားသစ်

မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပေါ်ရှိ ပြည်ညောင်တံတားသည် တံတားဟောင်းတစ်ခု ဖြစ်သဖြင့် တံတားသစ်ကို မူလတံတား၏ ရေစုန်ဘက် ပေ ၁၀၀ ခန့်အကွာတွင် တည်ဆောက်သွားမည်ဖြစ်သည်။ တံတားအလျားမှာ ပေ ၂၀၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် တစ်ဖက်တစ်ချက်လျှင် လူသွားလမ်း သုံးပေ လေးလက်မစီ ပါရှိမည်ဖြစ်သည်။

ညောင်ဝန်းတံတား

ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းသည် ပဲခူးတိုင်း ပြည်မြို့မှ တောင်ငူမြို့သို့ အရှေ့-အနောက် ဆက်သွယ်ထားသည့် လမ်းတစ်လမ်းဖြစ်ပြီး ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်ပြီးဖြစ်ရာ ၎င်းလမ်းပေါ်တွင် အလျားပေ ၁၉၀ ရှိသော ညောင်ဝန်းတံတားကို နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့် တည်ဆောက်ခြင်းအားဖြင့် ပြည်မြို့နှင့် တောင်ငူမြို့ကို ခရီးတို ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။

မော်တင်စွန်း-ဟိုင်းကြီးကျွန်းကူးတံတား

မော်တင်စွန်း-ဟိုင်းကြီးကျွန်းကူးတံတား တည်ဆောက်ရေးစီမံကိန်းသည် မော်တင်စွန်းဘုရားမှ ဟိုင်းကြီးကျွန်းသို့ ယခင်က သင်္ဘောဖြင့်သာ သွားလာဆက်သွယ်ရသည့်အခြေအနေမှ နှစ်စဉ်ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်များကို ကျော်လွှားနိုင်ပြီး ရာသီမရွေး လွယ်ကူလျင်မြန်စွာ သွားလာနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်သည့် စီမံကိန်းဖြစ်သည်။

တံတားအလျား ၂၀၀၁ ပေရှိပြီး သံ
အမျိုးအစား တံတားဖြစ်သည်။

စစ်တောင်းမြစ်ကူး

စစ်တောင်းမြစ်ကူးတံတားသုံးစင်း
စစ်တောင်းမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးရေးလုပ်

ပြင်ဦးလွင်-မိုးကုတ်လမ်းကို ဆောင်ရွက်နေစဉ်။

တိုင်း အထူးဒေသ(၆)ခု ဖွံ့ဖြိုးတိုးတက်
ဒေသဖွံ့ဖြိုးရေးလမ်း သုံးလမ်းပေါ်မှ စစ်
ရေးအတွက် ရည်ရွယ်တည်ဆောက်ခြင်း
စစ်တောင်းမြစ်ကူးတံတားများမှာ အလျ
လမ်းပေါ်ရှိ အုတ်တွင်းမြို့နယ် မြို
စစ်တောင်းမြစ်ကူးတံတား၊ အလျားပေ
ညောင်ပင်ရိုးလမ်းပေါ်၌ ဖြူးမြို့နယ် ဘန်
မည့် စစ်တောင်းမြစ်ကူးတံတား၊ အ
ထန်းတပင်လမ်းပေါ်ရှိ မြင်းစုရွာအနီး
မြစ်ကူးတံတားတို့ဖြစ်သည်။

အဆိုပါ စစ်တောင်းမြစ်ကူး နှစ်
သုံးစင်း တည်ဆောက်ပြီးစီးပါက ဇ

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ရာဇဒိုင်တံတား အမှတ်(၁)ကို တွေ့ရစဉ်။

အမြန် ဖွံ့ဖြိုးတိုးတက်ပြီး ရှိန်အဟုန်ကို လျှော့ချ၍မရ က်တိုးတက်နေအောင် ကြိုးပမ်း

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

တံတားအလျား ၂၀၀၁ ပေရှိပြီး သံမဏိသံပေါင်နှင့် သံကူကွန်ကရစ် အမျိုးအစား တံတားဖြစ်သည်။

စစ်တောင်းမြစ်ကူးတံတားသုံးစင်း

စစ်တောင်းမြစ်ကူးတံတားသုံးစင်း တည်ဆောက်ရေးစီမံကိန်းသည် စစ်တောင်းမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပဲခူး

ပြင်ဦးလွင်-မိုးကုတ်လမ်းကို ဤသို့ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေစဉ်။

တိုင်း အထူးဒေသ(၆)ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖောက်လုပ်ထားသည့် ဒေသဖွံ့ဖြိုးရေးလမ်း သုံးလမ်းပေါ်မှ စစ်တောင်းမြစ်ကို လွယ်ကူစွာ ဖြတ်ကူးရေးအတွက် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည်။ ယခု တည်ဆောက်မည့် စစ်တောင်းမြစ်ကူးတံတားများမှာ အလျားပေ ၅၄၀ ရှိ ကျွဲပွဲ-မြို့စိုး-ဇရပ်ကြီး လမ်းပေါ်ရှိ အုတ်တွင်းမြို့နယ် မြို့စိုးရွာအနီး၌ တည်ဆောက်မည့် စစ်တောင်းမြစ်ကူးတံတား၊ အလျားပေ ၄၈၀ ရှိ ဖြူး-ဘန်းလောင်-မွေတွင်း-ညောင်ပင်ရိုးလမ်းပေါ်၌ ဖြူးမြို့နယ် ဘန်းလောင်ရွာအနီးတွင် တည်ဆောက်မည့် စစ်တောင်းမြစ်ကူးတံတား၊ အလျားပေ ၅၂၀ ရှိ ခပေါင်း-မြင်းစု-ထန်းတပင်လမ်းပေါ်ရှိ မြင်းစုရွာအနီး၌ တည်ဆောက်မည့် စစ်တောင်းမြစ်ကူးတံတားတို့ဖြစ်သည်။

အဆိုပါ စစ်တောင်းမြစ်ကူး နှစ်လမ်းသွား သံကူကွန်ကရစ် တံတားသုံးစင်း တည်ဆောက်ပြီးစီးပါက ဇရပ်ကြီးကျေးရွာ၊ ဘန်းလောင်ရွာ၊ မွေတွင်းရွာနှင့် မုန်းမြို့ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသထွက်ကုန်ပစ္စည်းများကို ကျွဲပွဲ၊ ဖြူး၊ အုတ်တွင်းမြို့များမှတစ်ဆင့် လျင်မြန်စွာ တင်ပို့နိုင်မည်ဖြစ်၍ စစ်တောင်းမြစ် အရှေ့ဘက်ကမ်းရှိ ဒေသများ၏ လူမှုစီးပွားဘဝများစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ဝန်ကြီးများက မိမိတို့ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၂၀၁၀) ညှိနှိုင်းအစည်းအဝေးတွင် တင်ပြသည့် ဝန်ကြီးဌာနများ၏ ရှင်းလင်းတင်ပြချက်များကို ဆက်လက်ဖော်ပြသွားပါမည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၈-၂၀၁၀ (အင်္ဂါနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "သတိသမ္ပဇဉ်ယှဉ်စေချင်" တရားတော် (ဆရာတော်သီတဂူ ဒေါက်တာအရှင်ဉာဏိဿရ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၈၀)**
- ၈း၃၅ 2010 Summer Youth Olympics
- ၉း၀၅ Activities In The City -အမျိုးသားများတွင်ဖြစ်တတ်သော ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေးဟောပြောပွဲ
- ၉း၂၀ ထုထည်ကြီးမားထင်ရှားဧကန်ဓမ္မရုံ
- ၉း၃၅ Cartoon Show Time (Toy Story -3)
- ၁၀း၁၀ Orchard Families (အပိုင်း-၂)
- ၁၀း၄၀ သင်ကြားရေးလမ်းညွှန် (Dragon King သင်တန်းကျောင်း)
- ၁၀း၅၅ Sports Diary
- ၁၁း၂၅ သက်ကြီးရွယ်အိုကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဗိုလ်ကလေးတင့်အောင်၊ ဒေါက်တာမြင့်ဟန်)
- ၁၂း၁၀ ရှင်သန်ဆဲဘဝတစ်ခုအတွက် ထင်ကျန်ရစ်မည့်မှတ်တိုင်
- ၁၂း၃၅ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (ကြည်နူးခွင့်)
- ၁း၀၀ "သတိသမ္ပဇဉ်ယှဉ်စေချင်" တရားတော် (ဆရာတော်သီတဂူ ဒေါက်တာအရှင်ဉာဏိဿရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ World Of Knowledge (Seconds From Disaster; TITANIC)
- ၃း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၈၀)**
- ၄း၁၅ တေးဂီတအစီအစဉ်
- ၄း၃၀ Activities In The City -အမျိုးသားများတွင်ဖြစ်တတ်သော ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေးဟောပြောပွဲ
- ၄း၅၀ Hair Style For All (အမျိုးသား၊ အမျိုးသမီး)
- ၅း၀၅ ဆုပန်ရည်စူးအရောက်ဖူး. . . မြတ်ဘုရားဖောင်တော်ဦး
- ၅း၂၅ Celebrity Style (Life & Dance)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ရန်ကုန်မြင်ကွင်းကျယ် (ကင်ဆာရောဂါအကြောင်း သိကောင်းစရာများ ဟောပြောပွဲ)
- ၆း၃၀ 2010 Summer Youth Olympics
- ၇း၀၀ Cartoon Show Time (Toy Story -3)
- ၇း၃၅ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (ကြည်နူးခွင့်)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ သင်ကြားရေးလမ်းညွှန် (Dragon King သင်တန်းကျောင်း)
- ၈း၅၀ Celebrity Style (Life & Dance)
- ၉း၂၀ ရန်ကုန်မြင်ကွင်းကျယ် (ကင်ဆာရောဂါအကြောင်း သိကောင်းစရာများ ဟောပြောပွဲ)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၈၀)**
- ၁၀း၀၀ Sunday Talk
- ၁၁း၁၀ Music Talk (သီတာရတနာ)
- ၁၁း၂၀ Sports World
- ၁၁း၄၅ Hair Style For All (အမျိုးသား၊ အမျိုးသမီး)
- ၁၂း၀၀ ကွမ်းစားခြင်းနှင့် ခံတွင်းရောဂါ အန္တရာယ် (ပါမောက္ခဦးမြသော်)
- ၁၂း၁၀ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင် (အကယ်ဒမီထွန်းထွန်းဝင်း၊ အကယ်ဒမီမေသန်းနု၊ ဖိုးသောကြာ၊ ပပဝင်းခင်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၂း၂၀ အလှကြွယ်တဲ့မြို့ပျော်ဘွယ်
- ၁၂း၄၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်မည့် စီမံကိန်း(၁၄)ခု

- ပြင်ဦးလွင်-မိုးကုတ်လမ်း
- မိုင်းပြင်း-မက်မန်းလမ်း
- ပုသိမ်-ငပုတောလမ်း
- မြို့ချောင်းတံတား
- ကျားထူးချောင်းတံတား
- ကျွဲရှင်းတံတား
- ပလွေးတံတား
- ပြည်ညောင်တံတား
- ညောင်ဝန်းတံတား
- မော်တင်စွန်း-ဟိုင်းကြီးကျွန်းကူးတံတား
- စစ်တောင်းမြစ်ကူးတံတား(မြို့စိုး)
- စစ်တောင်းမြစ်ကူးတံတား(ဘန်းလောင်)
- စစ်တောင်းမြစ်ကူးတံတား(မြင်းစု)
- နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်းသစ်ပေါ်တွင်- [ပေ ၁၈၀ နှင့်အထက် တံတားကိုးစင်း ဖြစ်သည့် ငလိုက်ချောင်းတံတား၊ ထန်းတပင်ချောင်းတံတား၊ ကိုးပင်ရိုးတံတား၊ သရက်ခွတံတား၊ စွန်ချောင်းတံတား၊ ပုလင်းချောင်းတံတား၊ စလေချောင်းတံတား၊ လိပ်ကမ်းချောင်းတံတားနှင့် ရွှေပန်းချောင်းတံတား]

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ရာဇူဒိုင်တံတား အမှတ်(၁)ကို တွေ့ရစဉ်။

ထားဝယ်ခရိုင် ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေး တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်

နေပြည်တော် ဩဂုတ် ၁၆

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးသည် ဩဂုတ် ၄ ရက်တွင် ထားဝယ်ပညာရေးကောလိပ် ပညာရေးဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ထားဝယ်ပညာရေးကောလိပ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တာဝန်ရှိသူများက အလှူငွေနှင့် လှူသုံးကုန်ပစ္စည်းများ ပေးအပ်ကြရာ ကျောင်းအုပ်ဆရာကြီးက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တိုင်းမှူးသည် ဩဂုတ် ၅ ရက်တွင် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ကုန်သွယ်မှုမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြပြီး တိုင်းမှူးနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကြပြီး တိုင်းမှူးက အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ ရေဝတီတံတား(ပခုက္ကူ) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

ပုသိမ်-မုံရွာလမ်းနှင့် ရေဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရေး ဒုတိယဝန်ကြီး ဦးတင့်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် ပုသိမ်-မုံရွာလမ်း ရေပြောလမ်းဆုံ၌ ကျောက်စီခင်းနေမှုနှင့် မိုင်တိုင်အမှတ်(၃၇၉/၀) ၌ ကတ္တရာရေပိတ်လွှာ လောင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ မိုင်တိုင်အမှတ်(၃၇၇/၆)ရှိ ပခုက္ကူခရိုင် ပုသိမ်-မုံရွာလမ်းမကြီး ဖောက်လုပ်ခြင်း စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာများ၏ လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မိုင်တိုင်အမှတ်(၃၆၉/၄)တွင် တောင်ကုန်းများ မြေညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေဝတီတံတား(ပခုက္ကူ)တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာက တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဇက်ရေယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး လက်ပံခြေပေါ်ဘက်ကမ်း စီမံကိန်းရှင်းလင်းဆောင်မှနေ၍ ရေဝတီတံတား(ပခုက္ကူ)တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ဆောင်ရွက်

နမ္မတူ ဩဂုတ် ၁၆

နမ္မတူမြို့နယ်အတွင်း မြို့နယ်လုံးကျွတ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးစီမံချက်ဖြင့် ဆောင်ရွက်ခြင်းကို ဇူလိုင် ၃၁ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ငွေနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်ဝင်းနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်မြင့်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ နမ္မတူရပ်ကွက်နှင့် ပန်ဟိုက်ရပ်ကွက်တို့မှ ကျန်းမာရေးဝန်ထမ်းများ၊ နမ္မတူရပ်ကွက်နှင့် ပန်ဟိုက်ရပ်ကွက်တို့မှ ဥက္ကဋ္ဌများ၊ သက်ဆိုင်ရာနယ်မြေမှူးများ ပါဝင်သော အဖွဲ့များ စုပေါင်း၍ မြို့တွင်းရပ်ကွက်များအား သွေးလွန်တုပ်ကွေး ကာကွယ်ဆေး ပက်ဖျန်းခြင်းနှင့် ခြင်ပေါက်ပွားခြင်းမှ ကာကွယ်ရန် ပိုးလောက်လမ်းသတ်ဆေး ခတ်ခြင်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

(ပြည်နယ်ပြန်/ဆက်)

MFF Cup 2010 ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်မဲနှိုက်ရေးဆွဲခြင်းနှင့် အပျော်တမ်းပြိုင်ပွဲအတွက် စပွန်ဆာစာချုပ်များ ချုပ်ဆို

ရန်ကုန် ဩဂုတ် ၁၆

MFF Cup 2010 ရှုံးထွက်ဘောလုံးပြိုင်ပွဲ ပွဲစဉ်မဲနှိုက်ရေးဆွဲခြင်းအခမ်းအနားနှင့် ၂၀၁၀အပျော်တမ်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို စပွန်ဆာ ပေးထားသည့် ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကို ဩဂုတ် ၅ ရက် ည ၇ နာရီတွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် နာယကများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ MNL အသင်းများမှ အသင်းပိုင်ရှင်များ၊ တာဝန်ရှိသူများနှင့် ကစားသမားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်းနှင့် အပျော်တမ်းအမှတ်ပေး ဘောလုံးပြိုင်ပွဲကို စပွန်ဆာပေးထားကြသည့် Title Sponsor ရိုးမရာဇာ၊ Main-Partner Toyo Bettery၊ Co-Sponsor များဖြစ်သည့် Air Bagan, KBZ Bank, Alpine, awba, FRESH Air- con နှင့် ဖြိုးနေဆီသန့်အကြော်စုံတို့နှင့် စပွန်ဆာစာချုပ်များ ချုပ်ဆိုကြသည်။ ယင်းနောက် အပျော်တမ်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် အသင်း ၁၂ သင်းအား မိတ်ဆက်ပေးသည်။ ထို့နောက် ဩဂုတ် ၂၅ရက်မှ နိုဝင်ဘာ ၁၀ရက်အထိကျင်းပမည့် MFF Cup 2010 ရှုံးထွက်ပြိုင်ပွဲကို MNL အသင်းပိုင်ရှင်များနှင့် တာဝန်ရှိသူများက ပွဲစဉ်များကို မဲနှိုက်ရေးဆွဲပေးကြသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်းနှင့် စပွန်ဆာကုမ္ပဏီများ စာချုပ်ချုပ်ဆိုစဉ်။ (ကြေးမုံ)

MFF Cup 2010 ရှုံးထွက်ပြိုင်ပွဲကို MNL ကလပ်အသင်း ၁၁ သင်းနှင့် အပျော်တမ်းပြိုင်ပွဲတွင် အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံး ငါးသင်းတို့ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ လက်ရှိအချိန်ထိ အပျော်တမ်းပြိုင်ပွဲမှ ဆက်သွယ်ရေး၊ VIVA F.Cနှင့် ဒဂုံF.Cတို့ MFF Cup ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိထားပြီး အပျော်တမ်း ပြိုင်ပွဲမှာ ဩဂုတ် ၁၇ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ MFF Cup ရှုံးထွက်ပြိုင်ပွဲကို တစ်ကျော့စနစ်ဖြင့် ဗုဒ္ဓဟူးနေ့များတွင်သာ သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ကျင်းပသွားမည်ဖြစ်သည်။ ပထမအဆင့် ရှုံးထွက်ပွဲစဉ်များကို ဩဂုတ် ၂၅ ရက်၊ စက်တင်ဘာ ၁၊ ၈၊ ၁၅ ရက်၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၂၉ရက်၊ အောက်တိုဘာ ၆၊ ၁၃၊ ၂၀ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ်ကို အောက်တိုဘာ ၂၇ ရက်နှင့် နိုဝင်ဘာ ၃ ရက်၊ ဖိုင်နယ်ပွဲစဉ်ကို နိုဝင်ဘာ ၁၀ရက်တွင် ကျင်းပမည်ဖြစ်သည်။ ပွဲစဉ် မဲနှိုက်ရေးဆွဲမှုအရ ပထမအဆင့် ရှုံးထွက်ပွဲစဉ်များတွင် MNL ကလပ်အသင်းအချင်းချင်း တွေ့ဆုံနေသည့် ပွဲများပါဝင်နေပြီး မကွေး F.Cနှင့် ရတနာပုံ F.C၊ Southern Myanmar F.Cနှင့် ရန်ကုန်ယူနိုက်တက်တို့ တွေ့ဆုံနေကြရာ ယင်းနှစ်ပွဲမှ အနိုင်ရသော အသင်းများမှာ ကွာတားတွင် ဆုံတွေ့မည်ဖြစ်ရာ ပွဲကျပ်ယှဉ်ပြိုင်ရမည့် အနေအထားပင် ဖြစ်သည်။ (ကြေးမုံ)

ပထမအဆင့် ရှုံးထွက်ပွဲစဉ်များ

၁။	၂၅-၈-၂၀၁၀	မကွေး	-	ရတနာပုံ	သုဝဏ္ဏ
၂။	၂၅-၈-၂၀၁၀	အပျော်တမ်း(၃)	-	အပျော်တမ်း(၄)	အောင်ဆန်း
၃။	၁-၉-၂၀၁၀	ဇေယျာရွှေမြေ	-	မနောမြေ	သုဝဏ္ဏ
၄။	၁-၉-၂၀၁၀	ဥဿာ	-	နေပြည်တော်	အောင်ဆန်း
၅။	၈-၉-၂၀၁၀	Southern	-	ရန်ကုန်ယူနိုက်တက်	သုဝဏ္ဏ
၆။	၈-၉-၂၀၁၀	အပျော်တမ်း(၅)	-	ကမ္ဘောဇ	အောင်ဆန်း
၇။	၁၅-၉-၂၀၁၀	အပျော်တမ်း(၂)	-	Delta United	သုဝဏ္ဏ
၈။	၁၅-၉-၂၀၁၀	ဇွဲကပင်ယူနိုက်တက်	-	အပျော်တမ်း(၁)	အောင်ဆန်း

ကွာတားဖိုင်နယ်

၉။	၂၉-၉-၂၀၁၀	ပွဲစဉ်(၁)နိုင်	-	ပွဲစဉ်(၅)နိုင်	သုဝဏ္ဏ
၁၀။	၆-၁၀-၂၀၁၀	ပွဲစဉ်(၂)နိုင်	-	ပွဲစဉ်(၆)နိုင်	အောင်ဆန်း
၁၁။	၁၃-၁၀-၂၀၁၀	ပွဲစဉ်(၃)နိုင်	-	ပွဲစဉ်(၇)နိုင်	သုဝဏ္ဏ
၁၂။	၂၀-၁၀-၂၀၁၀	ပွဲစဉ်(၄)နိုင်	-	ပွဲစဉ်(၈)နိုင်	အောင်ဆန်း

ဆီမီးဖိုင်နယ်

၁၃။	၂၇-၁၀-၂၀၁၀	ပွဲစဉ်(၉)နိုင်	-	ပွဲစဉ်(၁၁)နိုင်	သုဝဏ္ဏ
၁၄။	၃-၁၁-၂၀၁၀	ပွဲစဉ်(၁၂)နိုင်	-	ပွဲစဉ်(၁၀)နိုင်	အောင်ဆန်း

ဖိုင်နယ်

၁၅။	၁၀-၁၁-၂၀၁၀	ဆီမီးဖိုင်နယ်နိုင် နှစ်သင်း	သုဝဏ္ဏ

မီးငြှိမ်းသတ်မှု သရုပ်ပြသ

ရေဦး ဩဂုတ် ၁၆

ရေဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးဝင်းမြင့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ရဲကျော်စွာ၊ ရဲဗလမျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးကာကွယ်ရေး စီမံချက်အရ ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီတွင် ရေဦးမြို့ ရွှေဗျိုင်းဖြူ ကုမ္ပဏီလီမိတက် စက်သုံးဆီ အရောင်းဆိုင် (၀၁၇)၌ မီးငြှိမ်းသတ်နည်းသုံးမျိုးဖြင့် မီးငြှိမ်းသတ်သရုပ်ပြသကြောင်း သိရသည်။ (၃၉၀)

သွေးသည် အသက်

ဦးလူရှောင် ဖောင်ဒေးရှင်း ဘောလုံးပြိုင်ပွဲဖွင့်

ရေစကြို ဩဂုတ် ၁၆

မကွေးတိုင်း ရေစကြိုမြို့နယ် ဆင်ချောင်းကျေးရွာ ဦးလူရှောင် ဖောင်ဒေးရှင်း အမျိုးသားအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃ရက်က ဆင်ချောင်းကျေးရွာ ဘောလုံးကွင်း ယာယီမဏ္ဍပ်၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ယမန်နှစ် ချန်ပီယံ ပခန်းငယ်ကျေးရွာဘောလုံးအသင်းမှ ပထမဒိုင်းဆုအား တာဝန်ရှိသူများထံ အပ်နှံသည်။ ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်စိုးနှင့် ပခုက္ကူခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးကျော်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အဆိုပါ ဦးလူရှောင် ဖောင်ဒေးရှင်းဘောလုံးပြိုင်ပွဲကို ဘောလုံးအားကစား တိုးတက်မြင့်မားရေး၊ ရွက်ပုန်းသီးများဖော်ထုတ်ရေး လူငယ်များ ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေး၊ စည်းလုံးညီညွတ်ချစ်ကြည်မှုရရှိရေးဟူသော ရည်ရွယ်ချက်များဖြင့် ၂၀၀၉ ခုနှစ်မှစ၍ ကျင်းပခဲ့ကြောင်း သိရှိရသည်။ (၃၇၄)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၇-၈-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၂၀ ၃။ မိုးကုတ်ဆရာတော်ကြီး ထေရုပ္ပတ္တိ -သာသနာ့ဘောင်သို့ ဝင်ရောက်ခြင်း(ကိလေသာ အညစ်အကြေးကင်းစင်သူ)
၇:၂၅ ၄။ ဓမ္မပူဇာတေး
၇:၃၀ ၅။ မျိုးချစ်တပ်မတော်
၇:၃၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၁၀)**
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
၆:၄၀ ၁၅။ အကြင်နာလက်တစ်စုံ
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့သူရဲကောင်း (အပိုင်း-၄၁)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ မွေးမြူသုတ
၂၂။ ဟာသရုပ်စုံ
၂၃။ တစ်လအတွင်းအကြိုက်ဆုံး ဗွီစီဒီတေးများ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း (အပိုင်း-၇၂)**
၂၆။ Mini Series (အပိုင်း-၆)
၂၇။ သင့်အတွက်မနက်ဖြန်
၂၈။ အပိတ်နှုတ်ဆက်စကား
၂၉။ ပြီးပါပြီ။

စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ စတင်ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်အားကစားပြိုင်ကွင်း အုပ်စု(ဃဃ)

ပို့ဆောင်ရေးဝန်ကြီးဌာန - တစ်ဂိုး
(မောင်မောင်အောင်)

နယ်စပ်/စည်ပင်ဝန်ကြီးဌာန - ဂိုးမရှိ
(ဒိုင်) ဦးသောင်းလှိုင် (မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု(ဃဃ)

ကာကွယ်ရေး ဝန်ကြီးဌာန - တစ်ဂိုး
(မျိုးသူ)

စွမ်းအင်ဝန်ကြီးဌာန - ဂိုးမရှိ
(ဒိုင်) ဦးသူရိန်စိုး (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၁၇-၈-၂၀၁၀ ရက်

နေပြည်တော်အားကစားပြိုင်ကွင်း အုပ်စု (ကက)

သစ်တောရေးရာနှင့် ပြည်ထဲရေး

ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု (ကက)

ဘဏ္ဍာ/အခွန်နှင့် စက်မှု (၁)

(၁၀၇)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်နောက်ရပ်ကွက်၊ ၈၉ လမ်း၊ အမှတ်(၁၆) (၄လွှာ)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၈-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party ၏ အလံပုံစံ

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ပွဲယူပြီး ထိပ်ဆုံးအသင်းတွေကို ဆက်လက်ဖိအားပေးနေသည့် Southern

ရန်ကုန် ဩဂုတ် ၁၆

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၁၂) နောက်ဆုံးပွဲစဉ်ဖြစ်သည့် ဖွဲ့ကပင်ယူနိုက်တက် အသင်း နှင့် Southen Myanmar အသင်းတို့သည် ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ Southern Myanmar အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

Southern Myanmar - လေးဂိုး
(ဆီတာ-နှစ်ဂိုး၊ ဗီဂျာကိုဗစ်နှင့် ဘီဂျိမ်းစ်ထွေး)

ဖွဲ့ကပင်ယူနိုက်တက် - တစ်ဂိုး
(ညွန့်ဝင်း-ပယ်နယ်တီ)

အမှတ်ပေးဇယား အောက်ဆုံးမှ ဖွဲ့ကပင်ယူနိုက်တက်နှင့် ရင်ဆိုင်တွေ့ရာတွင် Southern Myanmar အသင်းမှာ အမှတ်ပြည့်ရယူသွားခဲ့ပြီး ထိပ်ဆုံးမှ အသင်းများကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ပထမအကျော့တွင် တွေ့ဆုံစဉ်က ခြောက်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သော Southern Myanmar မှာ ယခုပွဲတွင်လည်း ခြေအသာဖြင့် ကစားကာ ဂိုးပြတ်ဖြင့် ထပ်မံအနိုင်ရရှိသွားသည်။

Southern Myanmar နည်းပြ ကင်မ်ဝေါလ်ဒန်သည် ယခုပွဲတွင် လူထုတ်ပုံအနည်းငယ်ပြောင်းလဲထားပြီး လိုက်ဘေးရီးယား တိုက်စစ်မှူး ဆီတာကိုလည်း ဒုတိယပိုင်းမှ ထုတ်သုံးခဲ့သည်။ တိုက်စစ်တွင် ပြည်တွင်းကစားသမားများဖြင့် ပွဲထုတ်ခဲ့ပြီး ပထမပိုင်းတွင် နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိနေသည်။ မိနစ် ၂၀ တွင် ကွင်းလယ်လူ ဗီဂျာကိုဗစ်က ပြစ်ဒဏ်ဘောမှ တစ်ဆင့် Southern အတွက် အဖွင့်ဂိုး စတင်သွင်းယူခဲ့သည်။ ၃၂ မိနစ်တွင် Southern အသင်း ဒုတိယဂိုး ထပ်မံရရှိခဲ့ပြီး ဖွဲ့ကပင်နောက်ခံလူ ထင်ကျော်အောင်၏ အမှားမှတစ်ဆင့် ဘီဂျိမ်းစ်ထွေးက သွင်းယူခဲ့ခြင်း ဖြစ်သည်။

ဖွဲ့ကပင်အသင်းမှာ ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ရန် ကြိုးစားခဲ့သော်လည်း Southern ကို ယှဉ်ကစားနိုင်ခြင်း မရှိပေ။ ပထမအကျော့တွင် Southern အသင်းကို တစ်ဂိုးသွင်းယူနိုင်ခဲ့သော ဖွဲ့ကပင်အသင်းမှာ ယခုပွဲတွင် တစ်ဂိုးထပ်မံ သွင်းယူနိုင်ခဲ့ပြီး ပွဲပြီးခါနီးတွင် ပယ်နယ်တီမှ တစ်ဆင့် ညွန့်ဝင်းကသွင်းယူခဲ့ခြင်း ဖြစ်သည်။ Southern အသင်းအတွက် အနိုင်ဂိုးများကို ဒုတိယပိုင်းတွင် လူစားဝင်လာသူ ဆီတာက ၅၇ မိနစ်နှင့် ၈၂ မိနစ်တို့တွင် ထပ်မံသွင်းယူခဲ့သည်။

(ကြေးမုံ)

Southern တိုက်စစ်မှူး ဆီတာ ဖွဲ့ကပင်နောက်ခံလူ နှစ်ဦးကြားမှ တတိယဂိုး သွင်းယူစဉ်။

(ကြေးမုံ)

ပွဲစဉ် (၁၂) အပြီး အသင်းများ၏ ရပ်တည်မှု

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ရတနာပုံ	၁၁	၇	၃	၁	၂၄	၉	၂၄
ကမ္ဘောဇ	၁၁	၇	၂	၂	၁၆	၆	၂၃
ဇေယျာရွှေမြေ	၁၁	၆	၄	၁	၂၀	၉	၂၂
ရန်ကုန်ယူနိုက်တက်	၁၁	၆	၃	၂	၂၃	၆	၂၁
Southern	၁၁	၆	၂	၃	၂၅	၁၇	၂၀
မကွေး F.C	၁၀	၅	၂	၃	၁၉	၁၉	၁၇
Delta United	၁၁	၄	၂	၅	၁၆	၁၇	၁၄
ဥဿာယူနိုက်တက်	၁၁	၄	၂	၅	၁၂	၁၅	၁၄
မနောမြေ	၁၁	၃	၁	၇	၁၅	၂၈	၁၀
နေပြည်တော်	၁၁	၁	၁	၉	၁၂	၂၀	၄
ဖွဲ့ကပင်ယူနိုက်တက်	၁၁	-	-	၁၁	၂	၃၉	-

နယူးကာဆယ်အသင်းတွင် စောင့်ကြည့်ရမည့် နံပါတ်(၉)ပိုင်ရှင်

လန်ဒန် ဩဂုတ် ၁၆

ဂျိုးဆက်ဖ်စွမ်းဆိုသည့် အပျော်တမ်းကလပ်မှသည် နယူးကာဆယ်အသင်း၏ အကယ်ဒမီကျောင်းကို ရောက်ရှိလာခဲ့သည့် အင်ဒရူးကာရိုးသည် ယခုအခါ နယူးကာဆယ်အသင်း၏ ဂန္ထဝင်ကစားသမားအလန်ရှီးယား၏ ခြေကိုနင်းမည့်သူ တစ်ဦး ဖြစ်လာဖွယ်ရှိနေသည်။

အသက်(၂၁)နှစ်သာ ရှိသေးသည့် အင်္ဂလန်သား အင်ဒရူးကာရိုးသည် နယူးကာဆယ်အသင်းတွင် ကျော်နံပါတ်(၉)အင်္ကျီကို ဝတ်ဆင်ကစားမည်ဖြစ်ပြီး အသင်း၏တိုက်စစ်ကို အဓိကဦးဆောင်လာမည့် ကစားသမားဖြစ်သည်။ ၂၀၀၆ ခုနှစ်ကပင် နယူးကာဆယ်အသင်းတွင်



နယူးကာဆယ်အသင်း၌ စောင့်ကြည့်ရမည့် တိုက်စစ်မှူး အင်ဒရူးကာရိုး။

ဝင်ရောက်ကစားခဲ့သည့် အင်ဒရူးကာရိုးသည် ၂၀၁၀-၂၀၁၁ ပရီမီယာလိဂ် အဖွင့်ပွဲစဉ်ဖြစ်သည့် မန်ယူနှင့် ပွဲမတိုင်မီ ၆၁ ပွဲကစားထားပြီး ဂိုး ၂၀ သွင်းပေးထားသည်။

အင်ဒရူးကာရိုးသည် ၎င်းငယ်စဉ်ကပင် နယူးကာဆယ်အသင်းကို စွဲစွဲလမ်းလမ်းအားပေးခဲ့ပြီး နယူးကာဆယ်အသင်းတွင် ပါဝင်ကစားခွင့်ရရေး စိတ်ကူးယဉ်ခဲ့ဖူးသူဖြစ်သည်။ ယင်းအပြင် ကာရိုးသည် ၎င်းအားကျ အတုယူခဲ့ရသည့် အင်္ဂလန်နှင့် နယူးကာဆယ်အသင်း၏ ဂန္ထဝင်ကစားသမား အလန်ရှီးယားထံတွင်လည်း အနီးကပ်လေ့လာသင်ယူခွင့်ရရှိခဲ့သည်။ သို့အတွက်ကြောင့် ကာရိုးသည် ယခင်က နယူးကာဆယ်အသင်းတွင် နံပါတ်(၉)အင်္ကျီ ဝတ်ဆင်ခွင့်ရပြီး ထင်ပေါ်ကျော်ကြားခဲ့သည့် ကစားသမားများဖြစ်သည့် ဂလက်ချ၊ ဂျက်ကီမီလ်ဘန်း၊ မက်ခ်ဒေါ်နယ်၊ အင်ဒီကိုးလ်၊ လက်စ်ဖာဒီနန်နှင့် အလန်ရှီးယားတို့၏ ခြေစွမ်းကို မီနိုင်မည်လား ဆိုသည်ကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။

အင်တာနက်။

နောက်ထပ်ငါးနှစ်အထိထိပ်တန်းတွင်ရှိနေဦးမည်

(မန်ယူတိုက်စစ်မှူး မိုက်ကယ်အိုဝင်)

လန်ဒန် ဩဂုတ် ၁၆

တစ်ချိန်က အင်္ဂလန်၏ ငှက်မြန်လေး ဟု တင်စားခေါ်ဝေါ်ခြင်းခံခဲ့ရသည့် မိုက်ကယ်အိုဝင်က မိမိမှာ နောက်ထပ်ငါးနှစ်အထိ ထိပ်တန်းတွင် ရှိနေဦးမည့် ကစားသမားတစ်ဦးဖြစ်ကြောင်း ပြောကြားလိုက်သည်။

လက်ရှိ မန်ယူတွင် ကစားနေသည့် မိုက်ကယ်အိုဝင်သည် ယခင်လီဗာပူးမှ ထွက်ပြီး စပိန်မြေမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ မရောက်မီက ခြေစွမ်းပြ ဂိုးမြူးခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။ အိုဝင်သည် အင်္ဂလန်နိုင်ငံအသင်းအတွက် ၈၉ ပွဲကစားရာတွင် ဂိုး ၄၀ သွင်းပေးခဲ့ပြီး လီဗာပူးတွင်ရှိစဉ်က ၂၁၆ ပွဲကစားကာ ၁၁၈ ဂိုးသွင်းပေးနိုင်ခဲ့သည်။

နောက်ထပ်ငါးနှစ်အထိ ထိပ်တန်းတွင် ရှိနေဦးမည်ဟု ဆိုလာသည့် မိုက်ကယ်အိုဝင်။

သို့သော် အသက်(၃၀)သာရှိပြီဖြစ်သည့် အိုဝင်သည် မန်ယူအသင်းသို့ ရောက်ရှိပြီး (၁၂)ပွဲ ပါဝင်ခွင့်ရခဲ့ရာတွင် ဂိုးဒါဇင်ဝက်ပင် မသွင်းနိုင်ဘဲ ခြေစွမ်းများကျဆင်း လျက်ရှိနေသည်။ မိမိအနေဖြင့် မန်ယူအသင်းတွင် ဆက်လက်ကစားလိုပြီး ထိပ်တန်းကစားသမားများနှင့် လေ့ကျင့်ရခြင်းကြောင့် ခြေစွမ်းပြန်တက်လာကာ ဂိုးများလည်း သွင်းပေးလာနိုင်မည်ဖြစ်ကြောင်း၊ သို့သော် အသက်အရွယ်အရ ယခင်ခြေစွမ်းမျိုးကို ပြန်ရရန် မလွယ်ကူတော့ကြောင်း ပြောကြားခဲ့သည်။

အင်တာနက်။

ဝင်းတင်
(ကြေးမုံ)

မြဝတီမြို့နယ်၌ သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်း နင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၁၆

ကရင်ပြည်နယ် မြဝတီမြို့နယ် မေတ္တာလင်းမြိုင်ကျေးရွာ အမှတ်(၄)ရပ်ကွက်နေ ဦးဝင်းတင်သည် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းတွင် အမိုးကုန်းတောင်ရှိရာ တောတွင်းသို့ ဟင်းသီးဟင်းရွက်ခူးရန် သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံး နင်းမိသဖြင့် ယာဒူးအောက်ပြတ်၊ မျက်နှာ မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့၍ မြဝတီမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၁၀ ရက်အထိ နိုင်ငံတစ်ဝန်း မိုင်းနင်းမှုကြောင့် သေဆုံးသူ အမျိုးသားခြောက်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ရှစ်ဦးနှင့် ဒဏ်ရာရရှိသူ အမျိုးသား ၄၁ ဦး၊ အမျိုးသမီးငါးဦး စုစုပေါင်း ၄၆ ဦးရှိခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဗလငါးတန် ပွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

ချောင်းဦးမြို့ မြို့မဈေးတွင် မီးသတ်ဦးစီးဌာန ဝန်ထမ်းများနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးငြိမ်းသတ်နည်းနှင့် မီးသတ်ဆေးဘူးအသုံးပြုမှုလက်တွေ့သရုပ်ပြလေ့ကျင့်ရာတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဖြိုးမင်းထိုက်၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် ဈေးသူ၊ ဈေးသားများ ကြည့်ရှုအားပေးစဉ်။ (မြို့နယ်စည်ပင်)

ဘုရားသုံးဆူမြို့နယ်၌ မပေါက်ကွဲသေးသည့် လက်ပစ်ဗုံးနှစ်လုံးတွေ့ရှိခဲ့ မသင်္ကာဖွယ် တွေ့ရှိပါက တာဝန်ရှိသူများထံ သတင်းပို့ကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်

နေပြည်တော် ဩဂုတ် ၁၆

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့နယ် မြေစာရင်းဦးစီးဌာနရုံးရှေ့ မြေကွက်လပ်၌ ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် လက်ပစ်ဗုံးတစ်လုံး တွေ့ရှိကြောင်း သတင်းရရှိသဖြင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ ခြံစည်းရိုးအပြင်ဘက်မှနေ၍ ဗုံးကို "ပင်" ဖြုတ်ကာ ရုံးအတွင်းပစ်သွင်းထားသော မပေါက်ကွဲသေးသည့် လက်ပစ်ဗုံး တစ်လုံးနှင့် လမ်းမပေါ်၌ ဖြုတ်ထားသည့်စနက်တံတို့ကို တွေ့ရှိခဲ့ကြောင်း၊ ဆက်လက်၍ အနီးပတ်ဝန်းကျင်၌ ဆက်လက်ရှာဖွေရှင်းလင်းရာ မြေစာရင်းရုံး ယာဘက် ကိုက် ၃၀၀ ခန့်အကွာရှိ ဆက်သွယ်ရေးရုံးဝင်းရှေ့၌ အလားတူ အစပျိုးယမ်းကတ်ပေါက်ပြီး ပင်မဗုံးကိုယ်ထည် မကွဲသော လက်ပစ်ဗုံးတစ်လုံးနှင့် ၉ မမ ကျည် ၁၁ တောင့်တို့အား ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများသည် အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရရှိစေရန်နှင့် ကြောက်ရွံ့ထိတ်လန့်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ လက်ပစ်ဗုံးများ အဝေးမှ ပစ်သွင်းခြင်း၊ မိုင်းထောင်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့် မသင်္ကာဖွယ် တွေ့ရှိပါက တာဝန်ရှိသူများထံ သတင်းပေးပို့ကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်အားပေး တောင်ကုတ်နှင့် အမ်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၆

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် တောင်ကုတ်မြို့နယ် ကိုင်းရှည်ကျေးရွာ၌ ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ တာဝန်ရှိသူတို့နှင့်အတူ ကျွန်းပျိုးပင်များကို စိုက်ပျိုးပေးပြီး စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

တွေ့ဆုံ

ထို့နောက် ကင်းတောင်စံပြကျေးရွာ တောင်သူတစ်ဦး၏ မိုးစပါးစိုက်ခင်းအတွင်း စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံကျေးရွာတောင်သူများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ မီးသတ်တပ်ဖွဲ့၏ မီးငြိမ်းသတ်မှုသရုပ်ပြသခြင်းကို ကြည့်ရှုအားပေးပြီး ဇနီကျေးရွာ တောင်ကုတ်-မအီလမ်းပိုင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားသည်။

ပေးအပ်

ထို့နောက် တိုင်းမှူးသည် တောင်ကုတ်မြို့နယ် မအီမြို့ ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား အလှူငွေများ ပေးအပ်သည်။

ဆက်လက်၍ မအီမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြင်ဝန်းစခန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက တောင်ကုတ်-မအီလမ်းပိုင်းနှင့် မအီ-ကျောက်ဖြူလမ်းပိုင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် အမ်း-ပဒဲကြော-မအီကားလမ်းတစ်လျှောက် လမ်း၊ တံတားကြံ့ခိုင်မှုအခြေအနေများနှင့် ကျွန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂန့်ဂေါ၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဂန့်ဂေါ ဩဂုတ် ၁၆

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၇ရက်က ပုလဲ-ဂန့်ဂေါကားလမ်း ဂန့်ဂေါမြို့နယ် ညောင်လယ်ကျေးရွာအနီး မိုင်တိုင်အမှတ်(၉၀/၀)အနီး၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ခိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းစိုက်ပျိုးကြသည်။ **(အပေါ်ပုံ)** (၄၆၅)

အထက(၉) အောင်မြေသာစံ စိမ်းလန်းစိုပြည်ရေး စုပေါင်းသစ်ပင်စိုက်

မန္တလေး ဩဂုတ် ၁၆

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက်က ကျောင်းဝင်းအတွင်း၌ ပြုလုပ်သည်။ **(ယာပုံ)**

ထို့နောက် ကျောင်းကောင်စီ ငါးသင်းမှ ကျောင်းသား၊ ကျောင်းသူများက ငါးနေရာခွဲ၍ နှစ်ရှည်အရိပ်ရပင်၊ နှစ်တိုစားပင်၊ အလှပန်းပင်များကို စိုက်ပျိုးကြရာ ဆရာမကြီး ဒေါ်စန်းယုမောနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး အသင်းလိုက်ဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၃၈၇)

ဇူလိုင် ၄ရက်က ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ သန့်ရှင်းသာယာလှပရေးအတွက် ညွှန်ကြားချက်(၁၆)ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြို့တွင်းရှိ လမ်းများ ကတ္တရာဖြင့် လမ်းပေါက်ဖာခြင်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဗိုလ်မင်း ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ဇလွန်မြို့နယ်အသင်း (ရန်ကုန်) ချီးကျူးဂုဏ်ပြုပွဲနှင့် စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၆

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)၏ နိုင်ငံတော်မှ ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသည့် ပုဂ္ဂိုလ်များအား ချီးကျူးဂုဏ်ပြုပွဲနှင့် (၉)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ၁၃၇၂ ခု ဝါခေါင်လပြည့်ကျော် ၄ ရက်၊ ဩဂုတ် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် အမှတ် (၂၁/၄၃-စီ) ကြားတောရလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ ဧရာဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးလှမြင့် (ကေသီပန်) ဖုန်း-၅၁၀၃၆၇၊ ၅၁၀၆၁၇၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်း ဖုန်း-၅၈၄၁၉၁၊ ဦးကျော်စိုးဝင်း ဖုန်း-၂၉၆၉၄၃၊ အတွင်းရေးမှူးများဖြစ်ကြသော ဦးအေးကျော် ဖုန်း-၇၃၀၀၃၄၆၄၊ ၀၉-၅၁၅၈၂၄၃၊ ဦးလှမြင့်ဦး ဖုန်း-၇၂၄၅၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြို့နယ်
သတင်းများ

ကွန်ကရစ်တံတားတည်ဆောက်မှု ကြည့်ရှုစစ်ဆေး

မိုးကောင်း ဩဂုတ် ၁၆

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့သည် ဩဂုတ် ၁၁ရက်က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အရှည်ပေ ၉၀၊ အကျယ် ၁၈ပေရှိ ကွန်ကရစ်အုတ်ခံသစ်သားတံတား တည်ဆောက်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ) ဦးယဉ်မင်းကျော်က လိုက်လံရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

ယုဇနအအေးခန်း ဘေးအန္တရာယ်ကင်းရှင်းရေးစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၆

အလုံမြို့နယ် ဂဠုန်ရပ်ကွက် ကွင်းကျောင်းလမ်းရှိ ယုဇနအအေးခန်းအား ရန်ကုန်တိုင်း ကျန်းမာရေးအန္တရာယ် ထိခိုက်နိုင်သော လုပ်ငန်းဌာနများ စစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သူဇော်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများသည် အအေးခန်းအတွင်း ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်မှု၊ သိုလှောင်ထားရှိမှု၊ အလုပ်သမားများ၏ ဘေးအန္တရာယ်များ ကင်းရှင်းရေးဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ချီးမြှင့်

ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညဏ်လှိုင် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလွှာချီးမြှင့်စဉ်။ (၄၀၁)

အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့် တစ်ဦးသွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင် အသားဝါ ဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန် အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြား အသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များ ကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့်ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရရှိရန်ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ သီရိမြိုင်ယာဉ်မောင်းသင်တန်းကျောင်းမှ သင်တန်းမှူး ဒုတိယရဲမှူးစိုးလွင်နှင့် အဖွဲ့သည် ဩဂုတ် ၁၀ ရက် မွန်းလွဲ ၂ နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၃၇)တွင် တက်ရောက်လျက်ရှိသည့် သင်တန်းသား ၁၂၃ ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၁၀ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ဒေါက်တာဘူဒီရိုနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံသမ္မတထံ

ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၁၀ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလို ဘန်ဘန်း ယူဒိုယိုနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၆

နိုင်ငံရေးပါတီ တည်ထောင်ခွင့်ရရှိပြီးသော အဖွဲ့များက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်များ လျှောက်ထားလျက်ရှိကြရာ **အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party** က ဩဂုတ် ၁၆ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားသည်။

ယနေ့အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့်အဖွဲ့ (၄၇)ဖွဲ့ရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ(၄၂) ပါတီအနက် ပါတီ(၄၀)ကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၁၆

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် **တအာင်း(ပလောင်) အမျိုးသားပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြသည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ(၄၀)ရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၁၆)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)